ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏၊ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ စနေနေ့။ Saturday, 2 March 2024 ၁၁၃၈၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသူများအားလုံးက ကောင်းမွန်သော အခြေခံ စိတ်ဓာတ်ဖြင့် လုံ့လ၊ ဝီရိယပေါင်းစပ်၍ အဘက်ဘက်ကအကျိုးရှိအောင် လုပ်ဆောင်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၄ ခုနှစ်၊ မတ်လ ၂ ရက် )

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများခင်ဗျား**

ယနေ့အချိန်အခါသမယသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ လယ်ယာစိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားကြီးများအား အလေးအနက် ဂုဏ်ပြုသတ်မှတ်ထားသည့် သမိုင်းဝင်နေ့ထူးနေ့မြတ် တောင်သူလယ်သမားနေ့ဖြစ်ပါသည်။ တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက်အောင် စွမ်းဆောင်နိုင်ကြပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ စီးပွားရေးကဏ္ဍများ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် စီးပွားရေး ဦးတည်ချက်(၃)ရပ် ချမှတ်၍ ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ယနေ့ ဖတ်စရာ

**စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် တီထွင်မှုက များစွာအရေးပါ**

ဆောင်းပါး စာမျက်နှာ » ၆

**အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့နေထိုင်သောဒေသတွင် ဖြေဆိုလိုသူများရှိပါက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးနှင့် ဆက်သွယ်ဆောင်ရွက်ရန် အသိပေးထားကြရမည်**

စာမျက်နှာ » ၈

**ပညာသည် အစာရာကို ဖြစ်နိုင်စွမ်းသော မှော်စွမ်းအားရှိသည်။ လူငယ်များအနေဖြင့် ဉာဏ်စွမ်းအားကို ဖြည့်ဆည်းထားက ဘဝအမှားများကို ရှောင်ရှား၍ မှန်ကန်သော အသက်မွေးမှုဖြင့် တိုးတက်လမ်းကို ရှာဖွေနိုင်ကြမည်**

ဆောင်းပါး စာမျက်နှာ » ၁၀



## လှည်းကူးမြို့နယ်၌ ဆိုလာစနစ်ဖြင့် ဆင်ဖုန်လျှပ်စစ်ရေတင်လုပ်ငန်း ဖွင့်ပွဲကျင်းပ

### ဆင်ဖုန်လျှပ်စစ်ရေတင်လုပ်ငန်းတွင် ဆိုလာစနစ်ဖြင့် ရေစတင်ပေးဝေဖြန့်ဖြူး နွေစပါးဧက ၁၀၀၀ ရေပေးဝေရန် လျာထားခဲ့ပြီး ၁၀၁၆ ဧက ရေပေးဝေနိုင်ခဲ့

ရန်ကုန် မတ် ၁

တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆင်ဖုန်ကျေးရွာအနီးတွင် ဆိုလာစနစ်ဖြင့် ဆင်ဖုန် လျှပ်စစ်ရေတင်လုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါနေရာ၌ကျင်းပသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ○**

**တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

ကြေးမုံ

# အလေးထားဂုဏ်ပြုရမည့် တောင်သူလယ်သမားများ

မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့သည် ဆန်ကို အဓိကစားသုံးသောလူမျိုးများဖြစ်သည်။ ဆန်မှဖြစ်သောထမင်းသည် မြန်မာလူမျိုးများ အသက်ရှင်သန်နေထိုင်ရပ်တည်မှုအတွက် အဓိကကျသောအာဟာရတစ်ခုဖြစ်သည်။ လူတို့ နေ့စဉ်စားသုံးနိုင်ရန် လိုအပ်သည့်ဆန်ဖြစ်လာရန်အတွက် တောင်သူလယ်သမားဦးကြီးများကပင်ပန်းဆင်းရဲကြီးစွာဖြင့် လုပ်ကိုင်ကြရသဖြင့် တောင်သူဦးကြီးများကို ကျေးဇူးတင်ထိုက်သည့်ကျေးဇူးရှင်များအဖြစ် ဂုဏ်ပြုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကာလကတည်းက လယ်ယာစိုက်ပျိုးရေးနိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်။ မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်တွင်နေထိုင်ကြပြီး အများစုမှာ တောင်သူလယ်သမား သို့မဟုတ် လယ်ယာစိုက်ပျိုးရေးကို အမှီပြု အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သည်။ တောင်သူလယ်သမားဦးကြီးများသည် နိုင်ငံသားအားလုံး၏စားရေရိက္ခာကို ဖြည့်ဆည်းပေးနေသူများဖြစ်သော်လည်း တောင်သူလယ်သမားများ၏ဘဝများမှာ အကြောင်းအမျိုးမျိုးတို့ကြောင့် ဆင်းရဲနိမ့်ကျရသည့်ဘဝများတွင် ဖြတ်သန်းနေကြရဆဲဖြစ်သည်။ ထို့ကြောင့် တောင်သူလယ်သမားများ၏ဘဝကို အသိအမှတ်ပြု မြှင့်တင်ကြရမည်ဖြစ်သည်။

မြန်မာဘုရင်ခေတ်အဆက်ဆက်တွင် တောင်သူလယ်သမားများ၏ ဘဝများမှာ အပြောင်းအလဲမရှိသော်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ရပ်တည်နေထိုင်လုပ်ကိုင်ခဲ့ကြသည်။ ကိုလိုနီလက်အောက်သို့ အောက်မြန်မာနိုင်ငံ ကျရောက်သည့်အချိန်မှစ၍ တောင်သူလယ်သမားများ၏ဘဝများမှာ ကြီးမားသောအပြောင်းအလဲများဖြစ်ပေါ်လာသည်။ နယ်ချဲ့အရင်းရှင်တို့သည် ကုန်သည်ကြီးများအကျိုးစီးပွားကို အလေးထားပြီး မြန်မာနိုင်ငံ၏အရင်းအမြစ်များအပေါ် အမြတ်ထုတ်ကုပ်သွေးစုပ်လုပ်ကိုင်လာခဲ့သည်ကို သမိုင်းတွင်တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ဆန်စပါးများ ပြည်ပသို့တင်ပို့နိုင်ရန်အတွက် ပြည်ပမှအရင်းရှင်များကို မြန်မာနိုင်ငံသို့ခေါ်ယူလာခဲ့ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ကျယ်ပြန့်စွာအမြတ်ထုတ်လာခဲ့သည်။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အခြေအနေကောင်းလာသောအခါတွင် နယ်ချဲ့အင်္ဂလိပ်တို့က အောက်မြန်မာနိုင်ငံမြေခွန်တော်လက်စွဲနှင့် မြေနှင့်အခွန်တော်ဥပဒေပြဋ္ဌာန်းကာ ကုန်သည်များအကျိုးအတွက် ဆောင်ရွက်ခဲ့သည်။ လယ်ယာမြေများတိုးချဲ့ဖော်ထုတ်လုပ်ကိုင်နိုင်မှုကြောင့် နယ်ချဲ့အရင်းရှင်တို့စီးပွားတိုးတက်အားကောင်းလာသော်လည်း ကျေးလက်နေတောင်သူလယ်သမား လူတန်းစားများ၏ဘဝမှာ နည်းပညာမတတ်မြောက်မှု၊ အရင်းအနှီးမရှိမှု၊ အသိပညာအားနည်းမှုတို့ကြောင့် အကြွေးပတ်လည်ဝိုင်းကာ နောက်ဆုံးတွင် လယ်ယာများကို အရင်းရှင်တို့လက်သို့ ပေးအပ်ခဲ့ရသည်။ ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်နှင့်ကြုံတွေ့ချိန်တွင် တောင်သူလယ်သမားများ လယ်ယာမဲ့ဘဝသို့ ရောက်ရှိသွားခဲ့သဖြင့် တောင်သူလယ်သမားအရေးတော်ပုံပေါ်ပေါက်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်တွင် အောက်ကျနောက်ကျနေခဲ့ရသည့် တောင်သူလယ်သမားများ၏ဘဝကို မြှင့်တင်ပေးရန်အတွက် နိုင်ငံတော်က အနည်းဆုံးလုပ်ခကြေးငွေဥပဒေ၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ၊ သီးစားချထားရေးဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့်ဥပဒေ စသည်တို့ကို ဆောင်ရွက်ပေးခဲ့သော်လည်း ထူးခြားမှုမရှိခဲ့ပေ။ ၁၉၆၃ ခုနှစ်က တောင်သူလယ်သမားနေ့ကို ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြုလုပ်ခဲ့သော်လည်း ဇန်နဝါရီလမှာ တောင်သူလယ်သမားများ ရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်နေခြင်း၊ အင်္ဂလိပ်နှစ်သစ်ကူးကာလကို ဂုဏ်ပြုသကဲ့သို့ဖြစ်နေခြင်းကြောင့် ၁၉၆၅ ခုနှစ်မှစ၍ မတ်လ ၂ ရက်နေ့ကို တောင်သူလယ်သမားနေ့ဟု ပြောင်းလဲကျင်းပခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက ပြည်သူအများစုဖြစ်သော တောင်သူလယ်သမားများပါဝင်သည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ကူညီအားပေးလျက်ရှိသည်။ တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တောင်သူလယ်သမားများအဓိကလိုအပ်သည့် စိုက်ပျိုးမြေ၊ ရေ၊ နည်း၊ သွင်းအားစုတို့ကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးစရိတ်များကိုလည်း နှစ်စဉ်ထုတ်ချေးပေးလျက်ရှိသည်။

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်တစ်ခုဖြစ်သည့် စားရေရိက္ခာဖူလုံရေးအတွက် အဓိကဖြည့်ဆည်းကြိုးပမ်းဆောင်ရွက်နေကြသူများမှာ တောင်သူလယ်သမားဦးကြီးများဖြစ်သည်။ ပြည်သူများ၏ အဓိကစားရေရိက္ခာဖြစ်သည့်ဆန်ကို လုံလောက်အောင် စိုက်ပျိုးထုတ်လုပ်ပေးနေသည်မှာ တောင်သူလယ်သမားဦးကြီးများဖြစ်သည်။ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းစွမ်းဆောင်နေကြသူများမှာ တောင်သူလယ်သမားဦးကြီးများဖြစ်သည်။ ထို့ကြောင့် ကျေးဇူးတင်ထိုက်သည့်၊ ဂုဏ်ပြုထိုက်သည့်တောင်သူလယ်သမားဦးကြီးများကို ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့

"Invest in Women: Accelerate Progress"

"အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင်မြှုပ်နှံပေး"

၂၀၂၄ ခုနှစ်၊ မတ်လ
(၈)ရက်

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁ - ၃ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၇၀၇ | ၅,၈၆၈,၁၀၀ |
| MTSH | ၂၉၀၀ | ၂,၉၅၀ | ၉၁၂ | ၂,၆၄၅,၈၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၅၀၀ | ၆,၀၀၅ | ၉,၀၀၇,၇၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၂ | ၅,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၁၈၅ | ၃၁၅,၅၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁၂,၈၄၉ | ၂၂,၄၈၅,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

တောင်သူလယ်သမားကြီးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော သီးနှံများအနက် အဓိကသီးနှံများဖြစ်သော စပါး၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ကြံ၊ ကော်ဖီနှင့် ပဲမျိုးစုံ၊ ပြောင်းစသည့်သီးနှံများကို သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးသွားကြရန် လိုပါသည်။ ထို့ပြင် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းတို့နှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ မြေကို စနစ်တကျ ပြုပြင်ဆောင်ရွက်ရေး၊ အောင်ရေရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေးနှင့် သီးထပ်စိုက်ပျိုးမှုတို့ဖြင့် စိုက်ပျိုးသီးနှံများအားလုံး ပန်းတိုင်အထွက်နှုန်း ရရှိအောင် စွမ်းဆောင်နိုင်ရေးသည် လွန်စွာ အရေးပါကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် သီးနှံအလိုက် နှစ်စဉ်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး အဓိကကျသော သီးနှံအထွက်နှုန်းတိုးတက်ရေးကို တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ယနေ့ထိ စပါးဧက (၁၇)သန်း၊ ပဲမျိုးစုံဧက (၁၀.၅၇)သန်း၊ ဆီထွက်သီးနှံဧက(၈.၂၄)သန်း၊ အစေ့ထုတ်ပြောင်းဧက (၁.၆)သန်းနှင့် ဝါသီးနှံဧက(၀.၅၂)သန်း စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်၍ သက်ဆိုင်ရာဌာနများနှင့် တောင်သူလယ်သမားကြီးများအား ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

လက်ရှိအချိန်တွင် စားသုံးဆီကို လိုအပ်သည်ထက် ပိုမိုစားသုံးနေကြသဖြင့် ပြည်သူအချို့မှာ ကျန်းမာရေးအရ ထိခိုက်မှုများရှိနေသလို တစ်ဖက်မှာလည်း ပြည်တွင်းလိုအပ်ချက်ကိုပြည့်ပမှ မှာယူတင်သွင်းရမှုများ မြင့်တက်လျက်ရှိပါသည်။ စားသုံးဆီကို လိုသလောက်သာ သုံးစွဲခြင်းဖြင့် ကျန်းမာရေးကောင်းမွန်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်းဆီထွက်သီးနှံများမှ ထုတ်လုပ်သော စားသုံးဆီဖြင့် လုံလောက်စေရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချစေနိုင်မည်ဖြစ်သောကြောင့် ဆီထွက်သီးနှံတိုးမြှင့်ထုတ်လုပ်ရေးကို ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစွာ ထုတ်လုပ်နိုင်ရန် ဆီထွက်သီးနှံများ ဧကပြည့်စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၎င်းအပြင် ချည်နှင့် ချည်ထွက်ပစ္စည်းတင်သွင်းမှု လျှော့ချနိုင်ရန်နှင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီး ပိုလျှံပါက ပြည်ပတင်ပို့နိုင်ရန်အတွက် ချည်မျှင်ရှည်ဝါသီးနှံ တစ်ဧကအထွက်နှုန်း တိုးတက်ရေးဆောင်ရွက်ခြင်းနှင့် စိုက်ဧကတိုးချဲ့ပြီး (၅)နှစ်တာကာလအတွင်း မူလစိုက်ခဲ့ကြသည့် ဧက ၈ သိန်းပြည့်မီအောင် စီမံဆောင်ရွက်လျက်ရှိရာ ဝါတစ်ဧကအထွက်နှုန်း ပိဿာ(၇၀၀)ထွက်ရှိရေးနှင့် အရည်အသွေးကောင်း ဝါနှင့် ဝါဂွမ်းများရရှိရေးတို့ကို အဓိကရည်မှန်းဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားကြီးများကလည်း ကြိုးစားဆောင်ရွက်ပေးကြစေလိုပါသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းသည် ကမ္ဘာ့ဈေးကွက်တွင် သေချာသည့် နှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် စိတ်ပါဝင်စားသူများ၊ အရင်းနှီးတတ်နိုင်သည့် တိုင်းရင်းသားများအနေဖြင့် ရင်းနှီးလုပ်ကိုင်နိုင်ရန် ဖိတ်ခေါ်ပါသည်။ နိုင်ငံတော်အနေဖြင့် ကနဦးဧက ၁ သိန်းစိုက်ပျိုးရန် လျာထားပါသည်။ ဆက်လက်၍ ဧက ၃ သိန်းအထိနှင့် နောင်တွင် ဧက ၁ သန်းအထိ စိုက်ပျိုးနိုင်ရေး မျှော်မှန်းဆောင်ရွက်နေပါသည်။

သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များ အပြည့်အဝသုံးစွဲ စိုက်ပျိုးနိုင်ရေးအတွက် မိမိတို့နိုင်ငံအတွင်းတွင် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်မှစ၍ မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အတူ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအရေးပါသော မြေယာပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌

**❖ တောင်သူလယ်သမားကြီးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော သီးနှံများအနက် အဓိကသီးနှံများဖြစ်သော စပါး၊ ဆီထွက်သီးနှံများ ဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ကြံ၊ ကော်ဖီနှင့် ပဲမျိုးစုံ၊ ပြောင်း စသည့် သီးနှံများကို သတ်မှတ် စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးသွားကြရန်လို**

**❖ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းတို့နှင့် ပတ်သက်၍ မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ မြေကို စနစ်တကျ ပြုပြင်ဆောင်ရွက်ရေး၊ အောင်ရေရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေးနှင့် သီးထပ်စိုက်ပျိုးမှုတို့ဖြင့် စိုက်ပျိုးသီးနှံများအားလုံး ပန်းတိုင်အထွက်နှုန်းရရှိအောင် စွမ်းဆောင်နိုင်ရေးသည် လွန်စွာ အရေးပါ**

စက်ကိရိယာများ အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများ စွမ်းအားပြည့် အသုံးပြုနိုင်ရေးအတွက် စနစ်တကျလယ်ယာမြေများဖော်ထုတ်ခြင်း၊ တောင်သူများ လုပ်ငန်းခွင်အဆင့်တိုင်း စက်ကိရိယာအသုံးပြုနိုင်ရန် လယ်ယာသုံး စက်ကိရိယာအမျိုးမျိုးကို ဖြန့်ဖြူးရောင်းချပေးခြင်း၊ အသုံးပြုနိုင်ရန် စီမံပေးခြင်းတို့ဖြင့် ခေတ်မီနည်းစနစ်များသုံးပြီး စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိမိတို့နိုင်ငံအတွင်း စွမ်းအင်ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး ယူရီးယားဓာတ်မြေဩဇာများကို တောင်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ၎င်းအပြင် သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာပေါင်းစပ် သုံးစွဲရေးပညာပေးခြင်း၊ သဘာဝမြေဩဇာများ ဒေသအလိုက် ထုတ်လုပ်သုံးစွဲနိုင်ရေး နည်းပညာဖြန့်ဝေပေးခြင်း၊ သွင်းအားစုဈေးနှုန်းများ သက်သာစွာ ဝယ်ယူရရှိနိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းတို့အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

လက်ရှိအချိန်၌ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ စိုက်ပျိုးထားသောသီးနှံများ ရိတ်သိမ်းချိန်မတိုင်မီ ထိခိုက်ပျက်စီးမှုများရှိနေပြီး အဆိုပါဖြစ်စဉ်များကြောင့် စားရေရိက္ခာမလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရေးတို့ကို ကြိုတင်စဉ်းစားလုပ်ဆောင်ကြရန် လိုပါသည်။ နိုင်ငံတော်ကလည်း အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်း၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို တောင်သူလယ်သမားများ၏ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားပြီး အထူးအလေးထားအားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။

တစ်ဖက်မှာလည်း ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ရေကို အကျိုးရှိရှိထိရောက်စွာအသုံးပြုနိုင်ရေးအတွက် ရေလိုအပ်ချက်နည်းသော သက်တမ်းတိုသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ဒေသအခြေအနေပေါ်မူတည်၍ ဒေသနှင့်ကိုက်ညီသော သီးနှံနှင့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးကြရမည်ဖြစ်ပါသည်။ ရေကိုချွေတာသုံးစွဲနိုင်သည့် ခေတ်မီရေသွင်းကိရိယာများအသုံးပြု စိုက်ပျိုးခြင်း၊ ရေလိုအပ်မှုနည်းသည့်သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်းစသည့် ပညာပေးလုပ်ငန်းများ၊ သရုပ်ပြပွဲများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ရေရှားပါးမှု အခက်အခဲအား ဖြေရှင်းနိုင်ရန် ရေလှောင်တမံပေါင်း(၂၄၆)ခု၊ ရေလွှဲဆည် (၁၄၄)ခု၊ ရေကန် (၇၂)ခု၊ ရေတံခါး (၁၉၉)ခု၊ ရေတင်လုပ်ငန်း (၂၁၉)ခု၊ စုစုပေါင်း (၈၈၀)ခု ဆောင်ရွက်ပေးထားပြီး စိုက်ဧက (၃၁) သိန်းကျော်အား အကျိုးပြုလျက်ရှိပါသည်။ မြေအောက်ရေအရင်းအမြစ်များမှ စက်ရေတွင်း (၂၅၁၃)ခု တူးဖော်ခြင်း၊ ယာယီချောင်းပိတ်တမံများ ပြုလုပ်ပြီး ဆိုလာရေတင်စနစ်ဖြင့် ရေရရှိရေး ဆောင်ရွက်ခြင်း၊ ပင်လယ်နှင့်ထိစပ်လျက်ရှိသော ဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြစ်ရေကြီးမှုဖြစ်ပေါ်လေ့ရှိသောဒေသများတွင် ရေကြီးနစ်မြုပ်မှု၊ ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန် ရေငန်တားတာများတည်ဆောက်ခြင်း၊ ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခြင်းတို့ဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရေကို ထိရောက်စွာအသုံးပြုရေးနှင့် အလေအလွင့်မရှိစေရေးအတွက် သတိပြုဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**❖ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ရေကို အကျိုးရှိရှိ ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် ရေလိုအပ်ချက်နည်းသော သက်တမ်းတိုသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ဒေသအခြေအနေပေါ်မူတည်၍ ဒေသနှင့်ကိုက်ညီသော သီးနှံနှင့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးကြရမည်**

**❖ ရေကိုချွေတာသုံးစွဲနိုင်သည့် ခေတ်မီရေသွင်းကိရိယာများအသုံးပြုစိုက်ပျိုးခြင်း၊ ရေလိုအပ်မှုနည်းသည့်သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်းစသည့် ပညာပေးလုပ်ငန်းများ၊ သရုပ်ပြပွဲများ ဆောင်ရွက်ပေးလျက်ရှိ**

တောင်သူလယ်သမားကြီးများအနေဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာစေရေးအတွက် အထွက်နှုန်းတိုးရေး နည်းလမ်းများဖြင့် ဆောင်ရွက်သည့်အပြင် စိုက်ဧကတိုးတက်စေရန် သီးထပ်၊ သီးညှပ် စိုက်ပျိုးခြင်းကိုပါ ဆောင်ရွက်ကြရပါမည်။ ထို့အတူ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် အော်ဂဲနစ်စိုက်ပျိုးရေးကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ခေတ်မီစိုက်ပျိုးနည်းပညာများ၊ ရာသီဥတု၊ ဈေးကွက်နှင့် လယ်ယာကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များကို **"တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်း"**၊ မြန်မာ့အသံရေဒီယိုမှ **"သုတပဒေသာ စိုက်ပျိုးနည်းပညာအစီအစဉ်"**ဖြင့် ထုတ်လွှင့်ပေးခြင်း၊ သတင်းစာများ၊ ဂျာနယ်များ၊ ပညာပေးစာစောင်များ၊ လယ်ယာစီးပွားသတင်းစာစောင်များ ထုတ်ဝေပေးခြင်း၊ မိုဘိုင်းဖုန်းများမှတစ်ဆင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ဖြန့်ဝေပေးခြင်း စသည်တို့ဖြင့် တောင်သူလယ်သမားများအားလုံး လေ့လာသိရှိနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ငွေဖြင့် ယခင်နှစ်က ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းကိုလည်းကောင်း၊ ယခုနှစ်တွင် မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံစီမံကိန်းကို လည်းကောင်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်နယ်(၈)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း(၆)ခုကိုလည်းကောင်း၊ တိုင်းဒေသကြီး(၆)ခုကိုလည်းကောင်း အရင်းအနှီးများ မတည်ထောက်ပံ့ပေးပြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွေးမြူရေးနှင့်ပတ်သက်၍ နွားမျိုးကောင်းမျိုးသန့်များ ပြန့်ပွားစေရန် မေထုန်မဲ့သားစပ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မျိုးထိန်း၊ မျိုးပွားသုတေသနခြံများတည်ထောင်ပြီး မျိုးဖြန့်ဖြူးပေးခြင်း၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပညာပေးခြင်း၊ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ရောဂါဖြစ်ပွားမှုများအား ထိန်းချုပ်ခြင်း၊ ကုသခြင်း၊ မွေးမြူရေးဇုန်များဖော်ဆောင်ရန် စီမံခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

နွားမွေးမြူရေးနှင့် ကျွဲမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ နို့ထွက်ပစ္စည်းများကို ပြည်တွင်း၌ ဖူလုံအောင်ထုတ်လုပ်သွားရန် လိုအပ်ပါသည်။ မွေးမြူရေးကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ရန် တိရစ္ဆာန်ဆေးကုသိပ္ပံသင်တန်းကျောင်းကို အင်းစိန်တွင် ၂၀၂၄ ခုနှစ်၊ မေလတွင် စတင်ဖွင့်လှစ်ရန် စီစဉ်ထားပါသည်။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

အသားကဏ္ဍအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင်စီမံကိန်းကို လည်းကောင်း၊ အရင်းမပျောက်မတည်ထောက်ပံ့ငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ကျေးလက်ဒေသငါးကဏ္ဍဖွံ့ဖြိုးရေး မြစိမ်းရောင်ကျေးရွာ(ငါးကဏ္ဍ) စီမံကိန်းအစီအစဉ်ဖြင့် အရင်းမပျောက်မတည်ရင်းနှီးငွေ ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိရာ ထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို ပြည်တွင်း ငါးရိက္ခာလိုအပ်ချက်အတွက် ဖြည့်ဆည်းလျက်ရှိပြီး ကျန် ၁၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့နိုင်ခဲ့သဖြင့် နိုင်ငံခြားဝင်ငွေရရှိခဲ့ပါသည်။

ဒေသ၊ ရာသီဥတု၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီဖြစ်ထွန်းသည့် ငါးမျိုးများရရှိရေး၊ သဘာဝငါးမျိုး မသုဉ်းစေရေး၊ ငါးထွက်နှုန်း တိုးတက်စေရေး၊ မျိုးကောင်းမျိုးသန့် ငါးမျိုးများ ရေရှည်တည်တံ့စေရေးအတွက် ငါးသားပေါက်များကို စဉ်ဆက်မပြတ်ထုတ်လုပ်၍ မျိုးစိုက်ထည့်ခြင်းနှင့် ဖြန့်ဖြူးပေးခြင်း၊ ငါးမွေးကန်များ၏ ရေ၊ မြေ အရည်အသွေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေးဆောင်ရွက်ပေးခြင်း၊ ငါးသားပေါက်များ ကျန်းမာရေး စစ်ဆေးထောက်ခံချက်ထုတ်ပေးခြင်း စသည်တို့ဖြင့် နိုင်ငံတော်က ကူညီပံ့ပိုးပေးခဲ့ပါသည်။ မွေးမြူသူများအနေဖြင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် မိမိတို့နိုင်ငံ၏ (၇၀)ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများတွင် အပါအဝင်ဖြစ်သော တောင်သူလယ်သမားများ၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ပါက နိုင်ငံတစ်ဝန်းရှိ ပြည်သူများ စားဝတ်နေရေးနှင့် လူနေမှုဘဝတိုးတက်လာမည်ဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက အခြားသော ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့နိုင်ခြင်းကြောင့် ဝင်ငွေများ တိုးတက်ရရှိလာပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသူများအားလုံးက ကောင်းမွန်သော အခြေခံစိတ်ဓာတ်ဖြင့် လုံ့လ၊ ဝီရိယ ပေါင်းစပ်၍ အဘက်ဘက်က အကျိုးရှိအောင် ဝိုင်းဝန်းလုပ်ဆောင်ပေးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် မတ် ၁

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဘိလိယက်နှင့် စနူကာအားကစားရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှွေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။





ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် "၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲ" ပွဲစဉ်များအဖြစ် စနူကာ 15-Red အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ 6-Red အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ 9 Ball Pool အမျိုးသား တစ်ဦးချင်းပြိုင်ပွဲနှင့် 9 Ball Pool အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။



ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက 9 Ball Pool အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဘိလိယက် အမှတ်အများဆုံးဆု၊ စနူကာ 15-Red အမှတ်အများဆုံးဆုနှင့် စနူကာ 15-Red အတိုးတက်ဆုံးဆု ရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက ဘိလိယက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အမျိုးသမီး 9 Ball Pool နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသား 9 Ball Pool နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က အမျိုးသမီး 9 Ball Pool တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေက အမျိုးသား 9 Ball Pool တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်က စနူကာ 6- Red တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းက စနူကာ 15-Red တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်သည်။

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းဖြင့် ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ လှည်းကူးမြို့နယ်မှ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆင်ဖုန် လျှပ်စစ်ရေတင်လုပ်ငန်းတွင် 110 kW Solar System တစ်စုံ တပ်ဆင်ခဲ့ပြီး ဆိုလာစနစ်ဖြင့် ရေစတင်ပေးဝေ ဖြန့်ဖြူးနိုင်ခဲ့ရာ နွေစပါးဧက ၁၀၀၀ ရေပေးဝေရန် လျာထားခဲ့ပြီး ၁၀၁၆ ဧက ရေပေးဝေနိုင်ခဲ့ကြောင်း၊ Solar System ဖြင့် တစ်ရက်လျှင် ၇ နာရီအထိ ရေမောင်းနှင်နိုင်သဖြင့် လျှပ်စစ်မီတာယူနစ် တစ်ရက်လျှင် 770 kWh သက်သာခဲ့ကြောင်း၊ နွေစပါး တစ်ရာသီ(ရက်ပေါင်း ၁၀၀)အတွက် လျှပ်စစ်မီတာ ယူနစ် 77000 kWh သက်သာပြီး ဓာတ်အားခကုန်ကျငွေ ပျမ်းမျှ ငွေကျပ် ၁၁ ဒသမ ၅၅ သန်း သက်သာခဲ့သည့်အတွက် ဓာတ်အားခကုန်ကျငွေများကို အခြားရေတင်လုပ်ငန်းများတွင် သုံးစွဲနိုင်ခဲ့ကြောင်း၊ ဆင်ဖုန် လျှပ်စစ်ရေတင်လုပ်ငန်းတွင် တပ်ဆင်ထားသော ဆိုလာစနစ်အချက်အလက်များအနေဖြင့် 550 W(Jinko) Solar Module (304) Nos၊ 185 kW JNTech/Inverter (1) Nos စုံတို့ကို တပ်ဆင်အသုံးပြုနိုင်ခဲ့ကြောင်း၊ Solar System ကို အသုံးပြု၍ မော်တာနှင့် ပန့်တစ်စုံတပ်ဆင်ထားခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားမရရှိသော်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (နေရောင်ခြည်)ကို အသုံးပြု၍ ဆိုလာစနစ်ဖြင့် ရေပေးဝေမှု အခက်အခဲမရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆင်ဖုန် လျှပ်စစ်ရေတင်လုပ်ငန်း ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျေးလက်ဒေသအခြေခံ အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် မတ် ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့် ကျေးလက်ဒေသ အခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးက စီမံကိန်းဆိုင်ရာ အကြောင်းအရာ အကျဉ်းချုပ်ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျေးရွာသူ ကျေးရွာသားများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ကျေးလက်ဒေသ အခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်းကို ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဦးစီးဌာန၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ ထောက်ပံ့သည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ဖြင့် ကျေးရွာတစ်ရွာ ရွေးချယ်၍ အဆိုပါ ကျေးရွာရှိ အခြေခံအိမ်ထောင်စုများအား စီမံကိန်းသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်ခြင်းလုပ်ငန်းများကို စီမံကိန်းကာလ သုံးလကြာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၄)သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၁**

တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

**တက်ရောက်**

သင်တန်းဆင်းပွဲသို့ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေး မှူးချုပ်များ၊ လက်ထောက် အတွင်းဝန်၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား သင်တန်းသူ ၁၁ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းကာလမှာ ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၉ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့ကြောင်းနှင့် သင်တန်းသို့ ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီးနှင့် ဒုတိယ ညွှန်ကြားရေးမှူးအဆင့်ရှိ တရားသူကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မတ် ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော် သန်းခေါင်စာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ နေပြည်တော် အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက်ယူခြင်းလုပ်ငန်း၊ စာရင်းပြုစုခြင်း လုပ်ငန်း၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာ ပြုစုထုတ်ပြန်ခြင်းလုပ်ငန်း စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပါဝင်နိုင်ရေးအတွက် ဌာနဆိုင်ရာများက ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းတွင် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ ဦးစီးမှူး ဦးအောင်ခိုင်ဆွေက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၃)ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




**နေပြည်တော် မတ် ၁**

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၃)ကြိမ်မြောက်အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

(၁၃)ကြိမ်မြောက် အစည်းအဝေးမတိုင်မီ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့်စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် Mr. Chatoulong Bouasisavath နှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် အငြိမ်းစားသံအမတ်ကြီး Mr. Dato Zainuddin Yahya တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးက အစည်းအဝေး လက်ခံကျင်းပခြင်းအတွက် ပူးတွဲဥက္ကဋ္ဌများကို ကျေးဇူးတင်ရှိကြောင်း၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက်မူကြမ်း ရေးဆွဲရေးတွင် တိုးတက်မှုများရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အဆင့်မြင့်ကိုယ်စားလှယ်များကို ချီးကျူးပါကြောင်းပြောကြားခဲ့ပြီး အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရာတွင် ဖွဲ့စည်းမှုပုံစံ၊ ဆောင်ရွက်မည့် နည်းလမ်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန် သင့်လျော်သည့် မဏ္ဍိုင်သတ်မှတ်ရေးတို့အပေါ် ဆွေးနွေးခဲ့သည်။ ထို့နောက် မဏ္ဍိုင်(၃)ရပ်လုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (HLTF-EI)နှင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင် (Committee for the ASEAN Socio-Cultural Community)တို့နှင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ယင်းလုပ်ငန်းစဉ်များကို သင့်လျော်သည့် ကဏ္ဍတွင် ထည့်သွင်းရေး အကြံပြု ဆွေးနွေးခဲ့ပြီး အနာဂတ်တွင် ပိုမိုတိုးတက်ကောင်းမွန်သည့် အာဆီယံဖြစ်ပေါ်လာရေးအတွက် လူငယ်၊ အမျိုးသမီးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းနှင့် ပညာရှင်များနှင့် တွေ့ဆုံမှုကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် အရေးကြီးကြောင်း အလေးပေး ပြောကြားခဲ့သည်။

အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များညှိနှိုင်းအစည်းအဝေးမှတင်ပြသည့် အကြံပြုချက်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပြီး အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် (၁၄)ကြိမ်မြောက် အစည်းအဝေးမတိုင်မီ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက်မူကြမ်း ပထမအကြိမ်ရေးဆွဲမှုကို အွန်လိုင်းမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။

အစည်းအဝေးကာလအတွင်း ဖေဖော်ဝါရီ ၂၈ ရက်တွင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် Mr. Alounkeo Kittikhoun နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Phoxay Khaykhamphithoune တို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး အာဆီယံတွင် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံအကြား အပြန်အလှန် စိတ်ဝင်စားမှုရှိသည့် ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် တီထွင်မှုက များစွာအရေးပါ

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စိုက်ပျိုးရေးကဏ္ဍသည် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိကထားသောစိုက်ပျိုးရေးနိုင်ငံဖြစ်ပါသည်။ အဓိကအကြောင်းရင်းများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်း၊ ခေတ်မီနည်းပညာများရရှိမှုနည်းပါးခြင်း၊ ကူညီပံ့ပိုးမှုစနစ်များအားနည်းခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိချက်များအရ သုတေသီများက ပြောကြားကြပါသည်။

### တီထွင်ဖန်တီးမှုများမြှင့်တင်

တီထွင်ဖန်တီးမှုများသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ စက်မှုလက်မှုနှင့် လူနေမှုအဆင့်အတန်းကဏ္ဍအားလုံးနှင့် ဆက်စပ်လျက်ရှိပါသည်။ အသိပညာအချက်အလက်နှင့် နည်းပညာများသည် တစ်နေရာတည်းစီးဆင်းသွားမြဲမရှိဘဲ တစ်ဦးတစ်ယောက်တီထွင်ဖန်တီးမှု၏ အကျိုးရလဒ်သည် အားလုံးအပေါ် သက်ရောက်မှုရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ ယနေ့ခေတ်ကဲ့သို့ ပြောင်းလဲတိုးတက်မှုမြန်ဆန်သည့်ခေတ်တွင် မိမိတို့ တီထွင်ဖန်တီးထားသည့် ဖန်တီးမှုနှင့်ဆိုင်သည့် အသိပညာနှင့် နည်းပညာများပျံ့နှံ့မှုကို ထိန်းချုပ်ရန်ခက်ခဲသကဲ့သို့ပင် မိမိတို့ဖန်တီးမှုနှင့်သက်ဆိုင်သည့် အခြားသူများ၏ တီထွင်မှုဆိုင်ရာ အချက်အလက်နှင့် နည်းပညာကိုလေ့လာရန် လွယ်ကူလာသည်။ မူပိုင်ခွင့်အကာအကွယ်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သက်ဆိုင်သည့် တီထွင်ဖန်တီးမှုများမြှင့်တင်နိုင်ရန် နှစ်ပေါင်းများစွာကပင် ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင်လည်း တီထွင်မှုများကို အကာအကွယ်ပေးမည့် တီထွင်မှုမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် တီထွင်သူများနှင့် တီထွင်မှုကိုအသုံးပြုသူများအကြား နည်းပညာဗဟုသုတနှင့် လူနေမှုစီးပွားဘဝ သာယာဝပြောရေးများကို အပြန်အလှန်အကျိုးပြုစေရန်၊ နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဖြန့်ဖြူးလွှဲပြောင်းရေးတို့ကို မြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တီထွင်ဖန်တီးသောလူနေမှုပတ်ဝန်းကျင်ဖြစ်ပေါ်စေရေးအတွက် အားပေးရန် ရည်ရွယ်၍ ပြဋ္ဌာန်းခဲ့ပါသည်။

တီထွင်မှုမူပိုင်ခွင့် အကာအကွယ်ရရှိပြီးသော တီထွင်မှုများမှာလည်း လူသားတို့အတွက် အရေးပါသောကဏ္ဍအတော်များများတွင် အမှန်တကယ် အကျိုးပြုနေပါသည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ တီထွင်ခြင်း၊ မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ တီထွင်ခြင်းဖြင့် အချိန်ကုန်လူပင်ပန်းသက်သာပြီး ပြည်သူလူထုတွင်လည်း အကျိုးသက်ရောက်မှုများရရှိလာမည်ဖြစ်ပါသည်။

တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူက ၎င်း၏ တီထွင်ဖန်တီးမှုဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ဖော်ပြသပေးခြင်းမှာ နည်းပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလွန်အရေးကြီးပါသည်။ ပြည်သူလူထုအနေဖြင့်လည်း မိမိတို့သိရှိနားလည်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးတို့အတွက် တီထွင်မှုမူပိုင်ခွင့်နှင့်သက်ဆိုင်သည့် အသိပညာဗဟုသုတများကို အခြားသူများသို့ ပြန်လည်ဖြန့်ဝေခြင်းဖြင့် မိမိတစ်ဦးတစ်ယောက်၏အကျိုးစီးပွားအတွက်သာမက နိုင်ငံတော်၏အကျိုးစီးပွားများကိုလည်း များစွာအထောက်အကူပြုစေပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အတွက် စားရေရိက္ခာဖူလုံရေး၊ တောင်သူလယ်သမားများအတွက် ဝင်ငွေတိုးတက်ရရှိရေး၊ ၎င်းတို့၏ လူနေမှုစီးပွားဘဝများမြင့်မားလာရေးနှင့် မြန်မာ့စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပြည်ပဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးတို့အတွက် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ရာ အောင်မြင်မှုရရှိနိုင်ရန်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများသာမက စိုက်ပျိုးမွေးမြူရေးတောင်သူများ၊ လုပ်ငန်းရှင်များနှင့် အခြားဆက်စပ်ကဏ္ဍများကပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

### တီထွင်မှုများကို ဖန်တီးခြင်းဖြင့် ထုတ်လုပ်မှုနှင့် စားသုံးမှုမျှတ

နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစိုက်ပျိုး၊ မွေးမြူရေးနည်းစနစ်များကို လေ့လာနိုင်းယှဉ်၍ မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်စေရေး လုပ်ဆောင်ကြရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ တီထွင်ကြံဆမှုများကို ကိုယ်တိုင်လည်းတီထွင်နိုင်ရမည်၊ အခြားသူများကိုလည်း တီထွင်နိုင်ရန် တိုက်တွန်းအားပေးရမည်။ မိမိတို့နိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆိုင်သည့် တီထွင်မှုများကို ဖန်တီးခြင်းဖြင့် ထုတ်လုပ်မှုနှင့် စားသုံးမှုမျှတပြီး ကုန်ဈေးနှုန်းများ သင့်တင့်လာမည်ဖြစ်ပါသည်။ စားသုံးမှုနှင့် ထုတ်လုပ်မှုမျှခြေရှိမည်ဆိုပါက ထိုက်သင့်သည့် ဈေးနှုန်းများဖြင့် ရောင်းချနိုင်မည်ဖြစ်ပါသည်။

မြန်မာ့စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ခေတ်မီနည်းစနစ်များကို တီထွင်ကြံဆဖန်တီးခြင်းဖြင့် အစိုးရ၊ တောင်သူ၊ ပုဂ္ဂလိကပိုင်းတို့က စဉ်ဆက်မပြတ် ဝိုင်းဝန်းဆောင်ရွက်ကြိုးပမ်းရန် လိုအပ်သလို မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့်လည်း စိုက်ပျိုး၊ မွေးမြူရေး ကုန်ထုတ်စွမ်းအားများ တိုးတက်မြင့်မားလာအောင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးမှုများနှင့် တီထွင်ဖန်တီးမှုများကို မူပိုင်ခွင့်အကာအကွယ်ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ။

**မူပိုင်ခွင့်ဦးစီးဌာန**
**တီထွင်မှုမူပိုင်ခွင့်ဌာနခွဲ**

> **"တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူက ၎င်း၏တီထွင်ဖန်တီးမှုဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ဖော်ပြသပေးခြင်းမှာ နည်းပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလွန်အရေးကြီးပါသည်။ ပြည်သူလူထုအနေဖြင့်လည်း မိမိတို့သိရှိနားလည်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးတို့အတွက် တီထွင်မှုမူပိုင်ခွင့်နှင့် သက်ဆိုင်သည့် အသိပညာဗဟုသုတများကို အခြားသူများသို့ ပြန်လည်ဖြန့်ဝေခြင်းဖြင့် မိမိတစ်ဦးတစ်ယောက်၏ အကျိုးစီးပွားအတွက်သာမက နိုင်ငံတော်၏ အကျိုးစီးပွားများကိုလည်း များစွာအထောက်အကူပြု"**

# နိုင်ငံ့အကျိုး၊ တောင်သူလယ်သမားများအကျိုးကို ရှေးရှုပြီး မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာဌာနများ၊ ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် မတ် ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက တောင်သူလယ်သမား နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးရေးကဏ္ဍ လှုပ်ရှားမှု ရက်သတ္တပတ်အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ မျိုးစေ့ပြပွဲ ၂၀၂၄ (Seed Fair 2024) ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမင်းနောင်နှင့် ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ လယ်ယာကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများနှင့် မျိုးစေ့ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ မျိုးစေ့ထုတ် အသင်းအဖွဲ့များ၊ နေပြည်တော်ကောင်စီ နယ်မြေမြို့နယ်များမှ တောင်သူလယ်သမားများနှင့် မျိုးစေ့ထုတ်လုပ် တင်သွင်းဖြန့်ဖြူးရောင်းချသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးသည့်အနေဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံလိုသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် နိုင်ငံသားပိုင်ကုမ္ပဏီများသာမက နိုင်ငံခြားသားကုမ္ပဏီများပါ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်နေနိုင်ကြပြီဖြစ်ကြောင်း၊ နိုင်ငံ့အကျိုး၊ တောင်သူလယ်သမားများအကျိုးကို ရှေးရှုပြီး မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာဌာနများ၊ ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍများအားလုံးပူးပေါင်းပါဝင် ဆောင်ရွက် သွားကြစေလိုကြောင်း၊ မျိုးစေ့ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့်လည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မိမိတို့၏ မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းကိုက်ညီပြီး ဒေသအလိုက် အောင်မြင် ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ် ဖြန့်ဖြူးသွားကြခြင်းဖြင့် မျိုးစေ့ထုတ်လုပ်သူများနှင့် သုံးစွဲသူတောင်သူလယ်သမားများ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းကြစေရေး ဦးတည်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ပြပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် မျိုးစေ့ကုမ္ပဏီများ၊ မျိုးစေ့ထုတ်အသင်းအဖွဲ့များက ခင်းကျင်းပြသထားသည့် ပြခန်းများ၊ သီးနှံမျိုးနမူနာများ စမ်းသပ်စိုက်ပျိုးထားသည့် စိုက်ကွင်းများ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) စံပြစိုက်ခင်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယခု ကျင်းပလျက်ရှိသည့် မျိုးစေ့ပြပွဲ ၂၀၂၄ (Seed Fair 2024) ကို မတ် ၁ ရက်မှ ၃ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်၍ တောင်သူလယ်သမားများ၊ သီးနှံမျိုးစေ့ ထုတ်လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း စိတ်ဝင်စားသူများ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၁**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ အမှတ် (၄)ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)၏ စက်ပြုပြင်မွမ်းမံနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ် (၄)ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)ရှိ ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုကိုရှင်းလင်းတင်ပြကြရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော ကုန်ကြမ်းသဘာဝဓာတ်ငွေ့တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရန် အထွက်နှုန်းကျဆင်းနေသည့် ရေနံမြေများမှ တွင်းဟောင်းများကို သုတေသနပြု၍ အဖျောက်နှင့် မအူပင် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတို့မှ သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်နိုင်ခဲ့သဖြင့် ဓာတ်မြေသြဇာစက်ရုံများနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတို့သို့ ပိုမိုဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ဓာတ်မြေသြဇာစက်ရုံများအနေဖြင့်လည်း အကန့်အသတ်ဖြင့် ရရှိလာသည့် သဘာဝဓာတ်ငွေ့များအား အကျိုးရှိထိရောက်စွာ အသုံးပြု၍ အရည်အသွေးပြည့်မီသည့် ဓာတ်မြေသြဇာများထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုပါကြောင်း၊ ယခုစက်ရုံအား ၂၀၁၀ ပြည့်နှစ်မှ စတင်လည်ပတ်ခြင်းဖြစ်ရာ Chemical Plant များ၏ သဘောသဘာဝအရ စက်ရုံအကြီးစားပြင်ဆင်ခြင်း (Renovation) ဆောင်ရွက်ရမည့်ကာလသို့ရောက်ရှိနေပြီဖြစ်သဖြင့် အကြီးစားပြင်ဆင်နိုင်ရေး အစီအမံများချမှတ်ဆောင်ရွက်နေပါကြောင်း၊ စက်ရုံအားစနစ်တကျပြင်ဆင်ပြီးစီးပါက စက်စွမ်းအားပြည့်လည်ပတ်ပြီး အရည်အသွေးကောင်းမွန်သည့် ယူရီးယားဓာတ်မြေသြဇာများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်မည်ဖြစ်ရာ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံဝင်းအတွင်းလှည့်လည်၍ စက်ရုံပင်မထိန်းချုပ်ခန်းတွင် Distributed Control System – DCS စနစ်ဖြင့် ထိန်းချုပ်ပြီး ယူရီးယားဓာတ်မြေသြဇာလည်ပတ်ထုတ်လုပ်နေမှု၊ ထုတ်လုပ်ရရှိသည့် ယူရီးယားဓာတ်မြေသြဇာများ၏ အရည်အသွေးသတ်မှတ်ချက်များပြည့်မီမှန်ကန်စေရေး ဓာတ်ခွဲခန်းတွင် တိုင်းတာစမ်းသပ်စစ်ဆေးနေမှုနှင့် စက်ရုံအကြီးစားပြင်ဆင်ဆောင်ရွက်သည့်အခါ အဓိကထားဦးစားပေး ပြင်ဆင်ရမည့်အပိုင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)ရှိ ဓမ္မာရုံတွင် စက်ရုံဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ဂေဟာနှင့် ICT Training Center များ ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ



**နေပြည်တော် မတ် ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနလက်အောက်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ပြီး ဂေဟာတွင် လူမှုရေးအရ အထီးကျန်နေသော၊ နာတာရှည်ဝေဒနာခံစားနေမှုမရှိသော အသက် ၇၀ နှစ်နှင့်အထက် ဘိုးဘွားများအား နေ့ပိုင်းစောင့်ရှောက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ဂေဟာတာဝန်ခံက ဘိုးဘွားများအား တစ်ဦးချင်းစီနှင့် အုပ်စုအလိုက် နှစ်သိမ့်ဆွေးနွေးမှုများပြုလုပ်ပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းများ ပြုလုပ်စေခြင်း၊ ဘိုးဘွားများအား မိမိတို့ဝါသနာပါရာ လုပ်ငန်းများဆောင်ရွက်စေခြင်း၊ ဘုရားဖူးနှင့် လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ မူလတန်းကြို ကျောင်းများမှ ကလေးများ၊ လူငယ်များ၊ အခြားဘိုးဘွားရိပ်သာများမှ ဘိုးဘွားများနှင့် တွေ့ဆုံပေးခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည့် ဘုရားခန်း၊ အဘိုး၊ အဘွားအိပ်ဆောင်၊ စာကြည့်တိုက်၊ ပန်းချီခန်း၊ ကာရာအိုကေခန်း၊ ဆေးကုသခန်း၊ ဆံသခန်း၊ မီးဖိုဆောင်နှင့် ထမင်းစားဆောင်၊ သက်ကြီးရွယ်အိုများအတွက်ပြုစုစောင့်ရှောက်သူ (Care Giver) သင်တန်းဖွင့်လှစ်သော သင်တန်းဆောင်များကိုကြည့်ရှုပြီး ဘိုးဘွားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဦးစီးဌာန သုံးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်၊ ဦးတည်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ စေတနာထား၍ ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနသုံးခုမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးက ရန်ကုန်တိုင်းဒေသကြီးအတွင်း လူမှုဝန်ထမ်းလုပ်ငန်းရပ်များ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် Nippon Foundation တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မသန်စွမ်းသူများအတွက် ICT နည်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချပေးလျက်ရှိသော သတင်းအချက်အလက်ဆက်သွယ်ရေး နည်းပညာသင်ကြား လေ့ကျင့်ရေးစင်တာ (Information Communication Technology (ICT) Training Center)သို့ရောက်ရှိပြီး စင်တာ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုကာ ပြည်ထောင်စုဝန်ကြီးက ရှေ့ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားခဲ့သည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၁**

ရန်ကုန် တိုင်းဒေသကြီး အင်းစိန်မြို့နယ် မီးဘေးအန္တရာယ် အသိပညာပေး ဟောပြောသရုပ်ပြခြင်းနှင့်မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက် ၈ နာရီက မြို့နယ်အတွင်း ရပ်ကွက်များတွင် ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် တည်းကုန်းရပ်ကွက်တွင် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို စစ်ဆေးခဲ့ပြီး အသိပညာပေး လုပ်ငန်းအဖြစ် မီးဘေးအန္တရာယ် အသိပညာပေး ပိုစတာများကပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေး အကြောင်းအရာများကို ပြောကြားသည်။

ထို့ပြင် အင်းစိန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် တာဝန်ရှိသူများက ကြို့ကုန်းအနောက်ရပ်ကွက် ဘုရင့်နောင်လမ်း မြန်မာ့သစ်လုပ်ငန်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအဖြစ် မီးဘေးအသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းများ ဆောင်ရွက်သည်။

**မြင့်ဦး**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**ရန်ကုန် မတ် ၁**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ဝန်ထမ်းများနှင့် ညောင်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ စုပေါင်း၍ ညောင်ကျေးရွာအုပ်စု ငါးသုံးလုံးသဲကွင်းကျူးအတွင်း နေထိုင်သူပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် M တံဆိပ်အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်သည်။



ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်မင်းကိုနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း လုပ်ငန်းများကို ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ကွင်းဆင်းကောက်ယူပြီး ကျူးကျော်နေထိုင်သူများနှင့် ရွှေ့ပြောင်းနေထိုင်သူများကို ငါးဦးကော်မတီဖြင့် စိစစ်ကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်

နေပြည်တော် မတ် ၁

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ မြန်မာ့ရိုးရာဓလေ့များကို ထိန်းသိမ်းတန်ဖိုးထားတတ်စေရန်၊ ကြိုတင်ပြင်ဆင်မှုနှင့် စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများရရှိစေရန်၊ လုပ်ငန်းခွင်အတွင်း စည်းလုံးညီညွတ်ပျော်ရွှင်စွာဖြင့် ကြိုးစားယှဉ်ပြိုင်ကြရန် ရည်ရွယ်ချက်များဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ ပျော်ရွှင်စွာတက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများသည် ပြည်ထောင်စုဝန်ကြီးရုံးနှင့် လက်အောက်ဌာနများမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့၏ စည်းလုံးညီညွတ်စွာဖြင့် တပျော်တပါး စုပေါင်းထမနဲထိုးယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြပြီး ဆုရရှိကြသည့်အသင်းများကို ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့နေထိုင်သောဒေသတွင် ဖြေဆိုလိုသူများရှိပါက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးနှင့် ဆက်သွယ်ဆောင်ရွက်ရန် အသိပေးထားကြရမည်

နေပြည်တော် မတ် ၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းပြည်အနာဂတ်အတွက် ပညာရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ အနာဂတ်လူငယ်များ ပညာရည်မြင့်မားရေး၊ အမျိုးသားစရိုက်လက္ခဏာများ ထိန်းသိမ်းရေးနှင့် တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် နိုင်ငံတော်က ဘက်စုံပညာရေးကို မြှင့်တင်ပေးလျက်ရှိကြောင်း၊ ယခုလာမည့် မတ် ၁၁ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲများ စတင်ဖြေဆိုမည်ဖြစ်ရာ စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ အားလုံးဝိုင်းဝန်း လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့နေထိုင်သောဒေသတွင် ဖြေဆိုလိုသူများရှိပါက စာမေးပွဲဖြေဆိုခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးနှင့် ဆက်သွယ်ဆောင်ရွက်ရန် အသိပေးထားကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ကြရန်နှင့် ထူးခြားဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီတင်ပြကြရန်လိုအပ်ကြောင်း၊ စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က လုံခြုံရေးနှင့် ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ထူးခြားဖြစ်စဉ်များကို မချွင်းမချန် အမြန်သတင်းပေးပို့ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသန့်တို့က တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အနုသုခုမဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ရှာဖွေ၊ ဖော်ထုတ်၊ ထိန်းသိမ်း၊ တိုးတက်ပြန့်ပွားရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အနုပညာရပ်နှင့် ဆက်နွှယ်နေသည့် ပညာဗဟုသုတများကို မျိုးဆက်သစ်များ အသိပညာတိုးတက်စေရန်အတွက် အနုသုခုမဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖုံ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အနုသုခုမပညာကို နှစ်သက်မြတ်နိုးသော သုတေသီများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယနေ့ကျင်းပပြုလုပ်သည့် စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်များက အနုသုခုမဆိုင်ရာ စာတမ်းလေးစောင်ကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်ကြောင်း၊ ယနေ့ဖတ်ကြားတင်သွင်းမည့်စာတမ်းလေးစောင်သည် အနုပညာသည်အတွေးအခေါ် အယူအဆနှင့် ရသပညာ၏ အရေးပါမှု၊ ကျန်းမာရေးအပေါ် အနုပညာ၏ဩဇာသက်ရောက်မှု၊ မြန်မာ့ပြက္ခဒိန်ပညာ၏ သမိုင်းတန်ဖိုးကြီးမားမှု၊ မြန်မာ့နတ်ချင်းများ၏ အနက်အဓိပ္ပာယ်ပြည့်ဝမှုများကို ဖော်ထုတ်တင်ပြနိုင်မည့်စာတမ်းများဖြစ်သည်ဟု သုံးသပ်နိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက အနုသုခုမဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။



ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ စာတမ်းရှင်များဖြစ်ကြသော ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဿနိကဗေဒဌာန ပါမောက္ခဒေါက်တာသက်ဝေဝင်းက Why Philosophy Essential in Art စာတမ်းကိုလည်းကောင်း၊ မန္တလေးတက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခဒေါက်တာ သီရိလှိုင်က The Relationship Between Art and Psychological Well-being (Art Therapy) စာတမ်းကို လည်းကောင်း၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးရဲမြတ်အောင်က မြန်မာ့ပြက္ခဒိန် ပညာစာတမ်းကိုလည်းကောင်း၊ ဦးအမ်းယုမောင် (မောင်လူမွှေး-မြန်မာမှု)က နတ်ချင်းနှင့် အပျိုတော်အကစာတမ်းကို လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး စာတမ်းရှင်များ၏ သဘာပတိအဖြစ် ဒေါက်တာမြသောင်း၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးမင်းမင်းနှင့် စာပေပညာရှင် ဦးစုအောင်တို့က ဆောင်ရွက်ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းခြင်းကို စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဖြေကြား၍ ဒုတိယဝန်ကြီးက စာတမ်းဖတ်ပွဲနှင့်ပတ်သက်၍ ခြုံငုံသုံးသပ်၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး သဘာပတိနှင့် စာတမ်းရှင်များကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ် စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အား ရဟန်းရှင်လူပြည်သူများ ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)** နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ** ဖုန်း ၀၉-၅၀၆၁၀၈၃၂ ၊ ၀၁-၇၅၁၃၈၉၇၊ **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ** ဖုန်း ၀၉-၂၀၀၂၁၉၅ ၊ ၀၂-၄၀၆၀၀၆၁၊ **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ** ဖုန်း ၀၉-၂၀၀၁၉၀၆ ၊ ၀၆၁- ၂၆၆၀၂၆၉ တို့သို့လည်းကောင်း **KBZ Bank NYAUNG OO BRANCH Account No- 06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အရိုးရောဂါအထူးကုဆေးရုံကြီး (မန္တလေး) လေးထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၁**

တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရိုးရောဂါအထူးကုဆေးရုံကြီး (မန္တလေး) လေးထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကုသဆောင်ရှေ့ မျက်နှာစာ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်နယ်မှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၊ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တပ်နယ်မှူးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အရိုးရောဂါအထူးကုဆေးရုံကြီး (မန္တလေး)၏ လေးထပ် ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာဖွင့်ပွဲ အထိမ်းအမှတ် ကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များနှင့်အတူ လေးထပ်ကုသဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှု၍ ကုသရေးလုပ်ငန်းများ ပြောင်းရွှေ့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဖွင့်ပွဲဒုတိယပိုင်းအစီအစဉ်ကို တတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကုသမှုအရည်အသွေးမြင့်မားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုတိုးတက်စေရေးအတွက် ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့နှင့်အတူ အရည်အသွေးဒီဇိုင်းကောင်းမွန်သော ဆေးရုံအဆောက်အအုံသစ်များ ဖြည့်ဆည်းဆောက်လုပ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်း လိုအပ်ချက်ကို ဖြည့်ဆည်းခြင်း၊ ခေတ်မီဆေးရုံသုံးစက်ကိရိယာများ ဝယ်ယူထောက်ပံ့ခြင်း၊ အထူးကုဆရာဝန်များ အပါအဝင် ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်ကို တိုးမြှင့်ခန့်ထားခြင်း၊ လေ့ကျင့်မွေးထုတ်ခြင်း၊ အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုသရေးလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးအတွက် ပြည်သူ့ဆေးရုံများတွင် ဆေးရုံအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်သကဲ့သို့ သင်ကြားရေးပိုင်းတွင်လည်း အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ မန္တလေးမြို့တွင် ဗဟိုအဆင့်ဆေးရုံ ရှစ်ရုံဖွင့်လှစ်ကာ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုဖွင့်လှစ်သည့် အဆောက်အအုံကို ရေရှည်တည်တံ့ ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန်၊ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် လူနာများကို နွေးထွေးပျူငှာစွာ ဆက်ဆံ၍ ပြည်သူများ အားကိုးယုံကြည်ရသည့် ဆေးရုံဖြစ်စေရေး ဆက်လက်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အရိုးရောဂါအထူးကုဆေးရုံကြီး (မန္တလေး)မှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်ဝင်းထွန်းက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို နေရာအရောက်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။

အရိုးရောဂါအထူးကုဆေးရုံကြီး(မန္တလေး)တွင် အထွေထွေအရိုးရောဂါကုသခြင်း၊ ခါးရိုးပိုင်းဆိုင်ရာ ခွဲစိတ်ကုသခြင်း၊ လက်ပိုင်းဆိုင်ရာအနုစိတ်ခွဲစိတ်ကုသခြင်း၊ ဒူးဆစ်ရိုး၊ ပေါင်ထိပ်ရိုး အစားထိုး ကုသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး အရိုးရောဂါဆိုင်ရာ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများနှင့် အကြောအဆစ်နှင့်ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာနတို့မှ ရုံးဖွင့်ရက်များတွင် နေ့စဉ် ပြင်ပလူနာကြည့်ရှုကုသမှုများ ဆောင်ရွက်ပေးကာ တနင်္လာနှင့် ဗုဒ္ဓဟူးနေ့များတွင် မွေးရာပါ ခြေခွင်လူနာများအား ကြည့်ရှုကုသပေးခြင်း၊ အရိုးရောဂါအထူးပြု ပါရဂူဘွဲ့သင်တန်းသားများ၊ မဟာဘွဲ့သင်တန်းများ၊ သူနာပြုအရိုးအထူးပြု ဒီပလိုမာသင်တန်းသားများနှင့် မဟာဘွဲ့သင်တန်းသားများကိုလည်း လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ယခုဖွင့်လှစ်သော လေးထပ်ကုသဆောင်သစ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန တည်ဆောက်ရေး(၂) အဆောက်အဦအထူးအဖွဲ့(၆)က တာဝန်ယူတည်ဆောက်ခဲ့ပြီး စီမံကိန်းတန်ဖိုးငွေကျပ် ၂၀၅၆ ဒသမ ၀၇ သန်း အသုံးပြု တည်ဆောက်ခဲ့ကာ (၃၇၂၀၀ စ/ပေ) အကျယ်အဝန်းရှိပြီး မြေညီထပ်တွင် အရိုးနှင့် ထိခိုက်ဒဏ်ရာကုသဆောင်၊ ပထမထပ်တွင် ကျောရိုးခွဲစိတ်ကုသဆောင်၊ ဒုတိယထပ်တွင် အဆစ်အစားထိုးခွဲစိတ် ကုသဆောင်၊ တတိယထပ်တွင် အရိုးကင်ဆာခွဲစိတ်ကုသဆောင်နှင့် အစည်းအဝေးခန်းများ ပါဝင်ဖွဲ့စည်းထား၍ လူနာများ အဆင်ပြေစေရေးအတွက် ပင်မလှေကားတစ်ခု၊ ဘေးလှေကားနှစ်ခုအပြင် ၂၁ ဦးဆံ့ ဓာတ်လှေကားတစ်ခုနှင့် ရှစ်ဦးဆံ့ ဓာတ်လှေကားတစ်ခုကိုလည်း တပ်ဆင်ထားကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး) မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်ကို လှည့်လည်ကြည့်ရှုပြီး သီးသန့်ခန်း၌ ပြုစုစောင့်ရှောက်ထားသော ဗိုက်ချင်းဆက်အမြွှာကလေးများဖြစ်ကြသည့် ကြာညိုသင်းနှင့် ကြာညိုသိမ့်တို့ကို ကြည့်ရှု၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးခန်း၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံပြီး အဆိုပါကလေးများအား လက်ရှိကျန်းမာရေးအခြေအနေ၊ ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ဆေးရုံကြီး၏ ဆေးကုသရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် လိုအပ်သည်များ ညှိနှိုင်းမှာကြားခဲ့ပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါဗိုက်ချင်းဆက်အမြွှာကလေးများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)၌ ခွဲစိတ်မွေးဖွားခဲ့ပြီး ဝမ်းဗိုက်ချင်းဆက်ကာ ကိုယ်တွင်းရှိအသည်း၌ ဆက်စပ်မှုများရှိသည့် Omphalopagus Type အမြွှာဖြစ်ကြောင်းနှင့် ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး အဆိုပါ ကလေးများအား သင့်လျော်သည့်အချိန်တွင် ကလေးဆေးရုံကြီး(ရန်ကုန်)သို့ လွှဲပြောင်းကာ ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ရေးအတွက် ရန်ကုန်နှင့် မန္တလေးမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ/ အတွေ့အကြုံရှိသည့် ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ ပူးပေါင်း၍ လိုအပ်သောကုသမှုများကို အကြံပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်း၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ၊အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကိုအသုံးပြု၍ ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိရာ ပြည်သူလူထု၏ ကျန်းမာရေးအသုံးစရိတ် စိုက်ထုတ်ကုန်ကျငွေ လျော့နည်းကျဆင်းရေးအတွက် ထိရောက်စွာ အသုံးပြုနိုင်ရေးကို အလေးထားဆောင်ရွက်ပေးရန်၊ လူနာဘေးကင်း လုံခြုံရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း စနစ်တကျဆောင်ရွက်ကြရန်နှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဆေးရုံအုပ်ကြီးက ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရမည်းသင်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ နယ်လှည့်ကွင်းဆင်းဆေးကုသ

**ရမည်းသင်း မတ် ၁**

ကျန်းမာရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် ရမည်းသင်းခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအိအိခင်ဦးဆောင်၍ ခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များအဖွဲ့သည် ရမည်းသင်းမြို့နယ် မြို့လှကျေးဘုန်းတော်ကြီးကျောင်းတွင် ယနေ့နံနက်ပိုင်းက အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းကုသခြင်းကို ဆောင်ရွက်ကြောင်း သိရသည်။

ဦးစွာ ရမည်းသင်းခရိုင်ကုသရေးဦးစီးဌာန ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာအိအိခင်က မကူးစက်တတ်သောရောဂါများကိုလည်းကောင်း၊ သွားနှင့်ခံတွင်း ဆရာဝန်ဒေါက်တာပြည့်စုံမင်းက သွားနှင့်ခံတွင်း သန့်ရှင်းရေးလုပ်နည်းစနစ်များကိုလည်းကောင်း အသိပညာပေးရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့နောက် မြို့လှကျေးရွာအုပ်စု၊ ပဲဆည်ကျေးရွာအုပ်စု၊ အင်းပေါင်ကျေးရွာအုပ်တို့ရှိ ပြည်သူ ၅၇၂ ဦးကို အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် စမ်းသပ်စစ်ဆေးကုသပြီး ၁၀၇ ဦးအား ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ဆေးကုခံယူရန် လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါကွင်းဆင်းဆေးကုသခြင်းကို ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ ရမည်းသင်းခရိုင် မိခင်နှင့်ကလေးစောင့် ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြဍူမြင့်နှင့်အဖွဲ့ဝင်များက အာဟာရပစ္စည်းများကိုထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဇော်ဝင်းအောင်**

# ဉာဏဖလ ရှိမှသာလျှင်...

လင်းလက်နေခြည်

**ဖလငါးတန်ပြည့်ဝဖို့**

လူမှုပတ်ဝန်းကျင်တွင် ဝင်ဆံ့သည့်လူတစ်ဦးအဖြစ်ရပ်တည်ကာ တိုးတက်အောင်မြင်သည့်ဘဝကို ရယူပိုင်ဆိုင်လိုသည့် မျိုးဆက်သစ်လူငယ်များအတွက်မူ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ခြင်းတည်းဟူသော ကာယဖလ၊ ပညာဉာဏ်ပြည့်စုံခြင်းတည်းဟူသော ဉာဏဖလ၊ အကျင့်စာရိတ္တပြည့်စုံကောင်းမွန်ခြင်းတည်းဟူသော စာရိတ္တဖလ၊ မိတ်ဆွေကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းတည်းဟူသော မိတ္တဖလတို့ကို ဖြည့်ဆည်းထားပြီး ပစ္စည်းဥစ္စာ ပြည့်စုံချမ်းသာခြင်းတည်းဟူသော ဘောဂဖလကို ဖြည့်ဆည်းနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်လိုအပ်သည်။ ငယ်ရွယ်စဉ်အချိန်ကတည်းက ကောင်းမွန်စွာလေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်းခံခဲ့ရသူများသည် အသက်အရွယ်ရရှိလာပြီး လုပ်ငန်းဆောင်တာများကို ကိုယ်တိုင်ဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်ရသည့်အခါ မိမိနှင့် သူတစ်ပါးနှစ်ဦးစလုံး၏ အကျိုးစီးပွားရရှိစေနိုင်မည့်လုပ်ရပ်များကိုသာ လုပ်ကိုင်ဆောင်ရွက်တတ်သဖြင့် ပြည်သူ့နီတိ၊ လောကနီတိ၊ စာရိတ္တနှင့်ပြည်သူ့နီတိစသည့်သင်ခန်းစာများသည် မျိုးဆက်သစ်လူငယ်များအတွက် များစွာအကျိုးရှိသည်။

ပြည်သူ့နီတိသင်ခန်းစာများသည် နိုင်ငံသားတစ်ဦးအနေဖြင့် လိုက်နာကျင့်ကြံဆောင်ရွက်သင့်သည်များကို လမ်းညွှန်ဆုံးမပေးသည့် သင်ခန်းစာများပင်ဖြစ်သည်။ အချိန်တန်အရွယ်ရောက်၍ လူလားမြောက်လာသည့်အချိန်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အမှန်တကယ်အားကိုးအားထားပြုနိုင်သူများဖြစ်လာစေရန် လိုအပ်သည့် လက်နက်ကိရိယာများကို တပ်ဆင်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ငယ်ရွယ်စဉ်ကတည်းက ပြည်သူ့နီတိသင်ခန်းစာများကို ကျေညက်စွာလေ့လာ၍ အမှန်တကယ်လိုက်နာကာ "မကောင်းမှုဟူသမျှကို ရှောင်ရှားတတ်သူ၊ အများအကျိုးကို ဦးစားပေးဆောင်ရွက်တတ်သူ၊ မှန်ကန်တည့်မတ်စွာဆောင်ရွက်တတ်သူ၊ ဘက်လိုက်မှုကင်းရှင်းသူ၊ ကိုယ်ကျိုးစီးပွားကို အလေးမထားသူ" စသည့်လူမှုကျင့်ဝတ်စံနှုန်းများကို လက်ကိုင်ထားကာ ကြီးပြင်းလာသည့် လူငယ်ခေါင်းဆောင်များသည် မိမိဦးဆောင်ရသည့် အဖွဲ့အစည်းကို မှန်ကန်တည့်မတ်စွာ ဦးဆောင်နိုင်မည်ဖြစ်သည်။

**ဘဝစာမျက်နှာများလှပဖို့**

"အချိန်နှင့် ဒီရေသည် လူကိုမစောင့်" ဆိုသည့် စကားနှင့်အညီ အချိန်သည် ရပ်တန့်မနေသည့် သဘောရှိသဖြင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် အချိန်ကို အကျိုးရှိရှိအသုံးချကာ ဘဝတိုက်ပွဲဆင်နွှဲရန်အတွက် လိုအပ်သည့် လေ့လာဆည်းပူးမှုများ ရှိထားသင့်သည်။ လူငယ်ဘဝ အချိန်ကာလသည် တစ်နေ့တွင် ကုန်ဆုံးရပြီး လောကသဘာဝအရ လူကြီးဘဝဆိုသည့် ငွေကြေး၊ ပစ္စည်းဥစ္စာရှာဖွေရသည့်ဘဝကို ရောက်ကြရမည်ဖြစ်သည်။ လူလားမြောက်၍ လူကြီးဘဝရောက်သည့်အခါ "ငွေတွင်းက နက်တယ်"၊ "ဘဝက ခက်တယ်"၊ "ရပ်တည်ရတာ မလွယ်ဘူး" စသည့်စကားသံများနှင့် လောကဓံကို အန်တုကာ ဝင်ငွေရှာခြင်းအမှုကိုပြု၍ "စား၊ ဝတ်၊ နေရေး" ကို ရင်ဆိုင်ဖြေရှင်းကြရသည်။

စာအုပ်ကောင်းတစ်အုပ်ဖြစ်ရန်အတွက် "အစ၊ အလယ်၊ အဆုံး" သုံးပါးစလုံးတွင် ညီညွတ်မျှတကောင်းမွန်မှသာ ဖတ်ရှုသူ၏ ရင်တွင်းသို့ ရောက်ရှိကာ အကျိုးရှိနိုင်မည်ဖြစ်သည်။ ဘဝဆိုသည်မှာ စာအုပ်တစ်အုပ် ဖန်တီးခြင်းထက် ပို၍ခက်သည်။ "အစကောင်းမှ အနှောင်းသေချာ" ဆိုသည့် ဆိုရိုးစကားနှင့်အညီ ဘဝကနဦးအစ လူငယ်ဘဝတွင် အရာရာကို စနစ်တကျဖြင့် စီမံခန့်ခွဲ၍ ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်သည်။ ဘဝပင်လယ်ပြင်တွင် ရွက်လွှင့်ရန်အတွက် တာစူနေသည့် လူငယ်မျိုးဆက်သစ်များသည် သိသင့်သိအပ်သောပညာရပ်များကို လေ့လာလိုက်စားထားသင့်သည်။ "ပညာရဲရင့် ပွဲလယ်တင့်" ဆိုသည့်စကားနှင့်အညီ ဘဝတင့်တယ်၍ လောကအလယ်တွင် ဂုဏ်ဝင့်ထည်နိုင်ရန်အတွက် လူငယ်များသည် အသိပညာ၊ အတတ်ပညာများကို ရသမျှလေ့လာထားသင့်သည်။

**အသိဉာဏ်နှင့်ယှဉ်သော**

အမှား၊ အမှန်၊ အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးတို့ကို ပိုင်းခြားဝေဖန်တတ်ပြီး မွန်မြတ်သည့် အသက်မွေးမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေး လုံလောက်သည့်ပညာရပ်များ ဆည်းပူးထားသင့်သည်။ ပညာသည် ဘဝ၏အဆင်တန်ဆာပင်ဖြစ်ပြီး ပညာတတ်မှသာ ဘဝတိုးတက်လမ်းကို မှန်မှန်ကန်ကန် ရှာဖွေနိုင်မည်ဖြစ်သည်။ မိမိ သူတစ်ပါးနှစ်ဦးစလုံးအတွက် အကျိုးရှိနိုင်မည့် ကောင်းမှုများဖြင့်သာ ရှင်သန်နိုင်မည်ဖြစ်သည်။ ပညာနည်းပါး၍ ဆင်ခြင်ဉာဏ်ခေါင်းပါးကြသူများသည် ဘယ်သူသေသေငတေမာရင်ပြီးရောဆိုသည့် စိတ်တို့ဖြင့် မကောင်းမှုဒုစရိုက်များကို ကျူးလွန်ကာ ပစ္စည်းဥစ္စာကို ရှာဖွေတတ်ကြသည်။ ဆားတုံ ဆရာတော်ကြီး၏ ပုတ္တောဝါဒဆုံးမစာတွင် အသိပညာ၊ အတတ်ပညာတို့ကို ဆည်းပူးလေ့လာခြင်း မရှိဘဲ ဘဝကို ပေါ့ပေါ့တန်တန် ရပ်တည်သူများသည် ချမ်းသာပြည့်စုံခြင်းမရှိ စီးပွားဥစ္စာမတိုးပွားဘဲ သူတစ်ပါး၏ ခိုင်းစေသမျှကို ပြုလုပ်ပေးရသော ဘဝသို့ရောက်နိုင်ကြောင်းကို "လူရေးလူရာ၊ လူခြင်းရာက၊ အဋ္ဌာရသ၊ သိပ္ပအပြား၊ ဆယ့်ရှစ်ပါးတွင်၊ တအင်အင်ကို၊ အကြင်သသူ၊ မတတ်မူကား၊ ထိုသူအားလျှင်၊ စီးပွားမရောက်၊ ချမ်းသာပျောက်၍၊ သူ့နောက်ကသာ၊ ရိုတို့ရာလိမ့်။ ချမ်းသာရမည်ခဲ၏တည်း"ဟု ဆုံးမထားသည်။

အမှား၊ အမှန်၊ အကောင်း၊ အဆိုးနှင့် အကြောင်း၊ အကျိုးကို ပိုင်းခြားဝေဖန်နိုင်စွမ်းရှိပြီး တွေ့ကြုံလာရသည့် အခက်အခဲတိုင်းကို တည်တည်ငြိမ်ငြိမ်နှင့် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိရန်အတွက် လူငယ်တိုင်းသည် ဉာဏဖလတည်းဟူသော အသိပညာစွမ်းအားကို ဖြည့်ဆည်းထားသင့်သည်။ သို့မှသာ အနာဂတ်တွင် ခေါင်းဆောင်ကောင်းတစ်ဦးအဖြစ် ရပ်တည်ကာ မိမိတာဝန်ယူဆောင်ရွက်ရသည့် ဌာနအဖွဲ့အစည်းတွင် ရင်ဆိုင်ဖြေရှင်းရသည့် အကျပ်အတည်းအခက်အခဲများကို ဉာဏ်အမြော်အမြင်ရှိရှိဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်သည်။ ဉာဏဖလ အခြေခံအားကို ကောင်းမွန်စွာတည်ဆောက်ထားခဲ့သည့် လူငယ်တို့သည် "ခမာ - သည်းခံခြင်း၊ ဇာဂရိယ - နိုးကြားခြင်း၊ ဥဋ္ဌာန - ထကြွလုံ့လရှိခြင်း၊ သံဝိဘာဂ - ခွဲခြမ်းဝေဖန်ခြင်း၊ ဒယာ - သနားကြင်နာခြင်း၊ ဣက္ခနာ - မြော်မြင်ဆင်ခြင်ခြင်း" စသည့် နာယကဂုဏ်ခြောက်ပါးကို ထိန်းသိမ်းထားနိုင်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာမည်ဖြစ်သည်။

**လောကကို အလှဆင်ပါ**

လူ့ဘောင်လောက လူ့ဘဝတွင် လူတစ်ဦးအနေဖြင့် လူပီသစွာရပ်တည်နိုင်ရေးအတွက် အရေးအကြီးဆုံးအရာနှစ်ခုရှိသည်။ ထိုအရာနှစ်ခုမှာ ကိုယ်ကျင့်တရားနှင့် ပညာပင်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ထိုအရာနှစ်ခုကို မဖြစ်မနေ ဖြည့်ဆည်းထားရမည်ဖြစ်သည်။ စဉ်းစားဆင်ခြင်နိုင်စွမ်းတည်းဟူသော ပညာဉာဏ်ရှိသူသည် ကိုယ်ကျင့်တရားဖောက်ဖျက်သော အပြုအမူများကို ရှောင်ကြဉ်နိုင်မည်ဖြစ်သဖြင့် ပညာသည် မဖြစ်မနေ ဖြည့်ဆည်းထားသင့်သောအရာဟု ဆိုနိုင်သည်။ အနာဂတ်မျိုးဆက်သစ်လူငယ်များအနေဖြင့် လောကတွင် မရှိမဖြစ်လိုအပ်သည့် ဂုဏ်အင်္ဂါရပ်များဖြစ်သည့် ကိုယ်ကျင့်သိက္ခာနှင့် ပညာကို မဖြစ်မနေဖြည့်ဆည်းရမည်။

> **"ပညာသည် အရာရာကို ဖြစ်နိုင်စွမ်းသောမှော်စွမ်းအားရှိသည်။ လူငယ်များအနေဖြင့် ဉာဏ်စွမ်းအားကို ဖြည့်ဆည်းထားကာ ဘဝအမှားများကို ရှောင်ရှား၍ မှန်ကန်သောအသက်မွေးမှုဖြင့် တိုးတက်လမ်းကို ရှာဖွေနိုင်ကြမည်ဖြစ်သည်။ ရှေးယခင်က တိုင်းပြည်အုပ်ချုပ်ကာ ဘုရင်လုပ်ကြရမည့် အိမ်ရှေ့မင်းသားများသည်ပင် ယောက်ျားတို့ တတ်အပ်သောအဋ္ဌာရသ (၁၈) ရပ်ကို တက္ကသိုလ်ပြည် ဒိသာပါမောက္ခထံတွင် သွားရောက်သင်ကြားရသည်။ သို့မှသာ အချိန်တန်၍ ဘုရင်ဖြစ်ကာ တိုင်းပြည်ကို ဦးဆောင်ရသည့်အချိန်တွင် တော်တည့်မှန်ကန်စွာဦးဆောင်နိုင်မည်ဖြစ်သည်။ ဘုရင့်သားတော်များသည်ပင်လျှင် ပညာကို မဖြစ်မနေသင်ကြရသည်ဟုဆိုလျှင် မိမိတို့ကဲ့သို့သောသာမန်ဘဝတွင် ကျင်လည်ရသည့်လူငယ်များသည် ဉာဏဖလကို အပတ်တကုတ် လေ့လာလိုက်စားဖြည့်ဆည်းထားရန်လိုအပ်"**

လူ့ဘောင်လောကကိုအလှဆင်သည့် တရားနှစ်ပါးဖြစ်သည့် ကိုယ်ကျင့်သိက္ခာနှင့် ပညာ၏ အရေးကြီးပုံကို သောဏဒဏ္ဍသုတ်တွင် မြတ်စွာဘုရားရှင်က ဘာသာခြားဖြစ်သည့် ဗြာဟ္မဏတို့၏ အကြီးအကဲကို ဟောကြားခဲ့သည်။ "မဂဓတိုင်း" "စမ္ပာ" အမည်ရှိ မြို့ငယ်လေးမှ ဂဂ္ဂရာရေအိုင်အနီးတွင် မြတ်စွာဘုရားရှင် ခေတ္တသီတင်းသုံးစဉ် လာရောက်ဖူးမြော်သည့် ဗြာဟ္မဏလူမျိုးများ၏ အကြီးအမှူးစမ္ပာရွာအကြီးအကဲဖြစ်သူ ဂျိမ်းဘာသာကိုးကွယ်သည့် သောဏဒဏ္ဍကို မြတ်စွာဘုရားရှင်က မြင့်မြတ်သောဗြာဟ္မဏတစ်ဦးဖြစ်စေရန် လိုအပ်သည့်အရည်အချင်းများကို မေးမြန်းခဲ့သည်။ ဗြာဟ္မဏဖြစ်ရန် "မျိုးရိုးကို စောင့်ထိန်းခြင်း၊ ဝေဒကျမ်းတတ်မြောက်ခြင်း၊ ရုပ်ရည်ချောမောခြင်း၊ ကိုယ်ကျင့်သီလကောင်းခြင်း၊ အမှားအမှန်ခွဲခြားတတ်သည့်ဉာဏ်ပညာရှိခြင်း" စသည့်အရည်အချင်းငါးမျိုးလိုအပ်သည်ဟု သောဏဒဏ္ဍက ဖြေကြားခဲ့သည်။ မြတ်စွာဘုရားရှင်က အဆိုပါအရည်အချင်းငါးခုအနက်မှ မဖြစ်မနေရှိသင့်သည့်အရည်အချင်းနှစ်ခုကိုသာ လျှော့ချထားစေခဲ့ရာတွင် "ကိုယ်ကျင့်သီလကောင်းခြင်း၊ အမှားအမှန်ခွဲခြားတတ်သည့် ဉာဏ်ပညာရှိခြင်း" စသည့်အရည်အချင်းနှစ်မျိုး မဖြစ်မနေရှိမှသာ ဗြာဟ္မဏဖြစ်နိုင်ကြောင်း သောဏဒဏ္ဍက ဖြေကြားခဲ့သည်။ မြတ်စွာဘုရားရှင်က ကိုယ်ကျင့်သီလကောင်းမွန်ခြင်းနှင့် ဉာဏ်ပညာရှိခြင်းတို့သည် အကြီးအမှူးတစ်ဦးဖြစ်ရန်၊ မြင့်မြတ်သောသူတစ်ဦးဖြစ်ရန်အတွက် လိုအပ်သည့်အရည်အချင်းဖြစ်ရုံသာမက လောကကို အလှဆင်သောတရားနှစ်ပါးဖြစ်သည်ဟု ဟောကြားခဲ့သည်။

**အတုယူကာကြိုးစား**

ပညာသည် အရာရာကို ဖြစ်နိုင်စွမ်းသောမှော်စွမ်းအားရှိသည်။ လူငယ်များအနေဖြင့် ဉာဏ်စွမ်းအားကို ဖြည့်ဆည်းထားကာ ဘဝအမှားများကို ရှောင်ရှား၍ မှန်ကန်သောအသက်မွေးမှုဖြင့် တိုးတက်လမ်းကို ရှာဖွေနိုင်ကြမည်ဖြစ်သည်။ ရှေးယခင်က တိုင်းပြည်အုပ်ချုပ်ကာ ဘုရင်လုပ်ကြရမည့် အိမ်ရှေ့မင်းသားများသည်ပင် ယောကျ်ားတို့ တတ်အပ်သောအဋ္ဌာရသ(၁၈)ရပ်ကိုတက္ကသိုလ်ပြည် ဒိသာပါမောက္ခထံတွင် သွားရောက်သင်ကြားရသည်။ သို့မှသာ အချိန်တန်၍ ဘုရင်ဖြစ်ကာ တိုင်းပြည်ကို ဦးဆောင်ရသည့် အချိန်တွင် တော်တည့်မှန်ကန်စွာ ဦးဆောင်နိုင်မည်ဖြစ်သည်။ ဘုရင့်သားတော်များသည်ပင်လျှင် ပညာကို မဖြစ်မနေသင်ကြရသည် ဟုဆိုလျှင် မိမိတို့ကဲ့သို့သော သာမန်ဘဝတွင် ကျင်လည်ရသည့်လူငယ်များသည် ဉာဏဖလကို အပတ်တကုတ် လေ့လာလိုက်စားဖြည့်ဆည်းထားရန် လိုအပ်သည်။

"စာအုပ်ကောင်းတစ်အုပ်ဖတ်ရုံမျှနှင့်ပင် ဘဝပြောင်းလဲနိုင်သည်"ဟုဆိုပါလျှင် ပညာရပ်တိုင်းကို စနစ်တကျလေ့လာလိုက်စားသည့် လူငယ်များအတွက် အောင်မြင်မှုဆိုသည်မှာ အလွယ်ရောက်ရှိနိုင်သည့် ပန်းတိုင်ဖြစ်လာမည်ဖြစ်သည်။ အမေရိကန်နိုင်ငံ၏ ၁၆ ယောက်မြောက်သမ္မတဖြစ်ခဲ့သော အေဘရာဟာယ်လင်ကွန်း၏ ငယ်ဘဝသည် ခန်တာခီပြည်နယ်မှ သစ်လုံးအိမ်ကလေးက စခဲ့ရသည်။ ကြမ်းတမ်းသည့်ဘဝ "အလုပ်ကြမ်းသမား၊ လယ်သမား၊ စစ်သား၊ စာပို့လုလင်၊ ကုန်ထမ်းသမား၊ ကုန်စုံဆိုင်အရောင်းလုလင်" စသည့်ဘဝများဖြင့် ကျင်လည်ခဲ့ရသော်လည်း စာပေမြတ်နိုးကာ ပညာ၏တန်ဖိုးကိုသိခဲ့၍ ကမ္ဘာတွင်အကျော်ကြားဆုံးသော သမ္မတတစ်ဦးဖြစ်ခဲ့ရသည်။ လူငယ်များအနေဖြင့် လင်ကွန်း၏ပညာကိုသာ အလေးထားသည့် စိတ်ဓာတ်၏ကောင်းမွန်သောရလဒ်ကို အားကျအတုယူသင့်သည်။

**ဉာဏဖလအရင်းတည်**

မြန်မာ့သမိုင်းတွင်လည်း စာပေလေ့လာကာ ဉာဏဖလဖြည့်ဆည်း၍ ဘဝတက်လမ်းရရှိကြသူများစွာရှိသည်။ သက်တော် ၆ဝ ကျော်မှ စာပေလေ့လာလိုက်စားသည့် ဦးကျည်ပွေ့ (ခေါ်) သျှင်ဒိသာပါမောက္ခသည်ပင် ဆုံကျည်ပွေ့အတက်ပေါက်ကာ မြန်မာ့ပထမဦးဆုံးသံတမန်ဟုပင် တင်စားခြင်းခံခဲ့ရသည်။ လန်းဆန်းတက်ကြွသည့် စိတ်ဓာတ်ခွန်အားများကို ပိုင်ဆိုင်ထားကြသည့် လူငယ်မျိုးဆက်သစ်များသည် စာပေလေ့လာလိုက်စားကာ ဉာဏဖလဖြည့်ဆည်းကြမည်ဆိုပါက မြန်မာ့လူငယ်ကမ္ဘာ့အလယ်တွင် ဂုဏ်ထည်ဝါနိုင်မည်ဖြစ်သဖြင့် လူငယ်တိုင်း ဉာဏဖလရှိကြစေလိုပါကြောင်း ဆန္ဒပြုတင်ပြလိုက်ရသည်။ ။

**ကိုးကား**

**- ဆုံးမစာပေါင်းချုပ်ကြီး၊ မာဏဝ။**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများ လာရောက်ပေးအပ်



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ် ၁၂၇၃၅၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်ထံ ဂုဏ်ပြုပေးအပ်စဉ်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် မတ် ၁**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဒုတိယဝန်ကြီးများနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုပေးအပ်**

ထို့နောက် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ် ၁၂၇၃၅၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ပြည်ထောင်စုဝန်ကြီးက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများအား အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဝန်ကြီးဌာနရုံးတွင် စနစ်တကျထုပ်ပိုး၍ လာရောက်လှူဒါန်းခြင်းဖြစ်ပြီး စားသောက်ဖွယ်ရာ အထုပ်များနှင့်အတူ ဝန်ထမ်းမိသားစုများက ရေးသားပေးပို့သည့် တပ်မတော်သားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစေကြောင်းနှင့် တရားသောစစ်အောင်မြင်ပါစေကြောင်း စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ခရိုင်၊ နတ်တလင်းခရိုင်၊ သာယာဝတီခရိုင်အတွင်းရှိ ဈေးသူဈေးသားများက ဂုဏ်ပြုပေးအပ်သည့် စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ရန် ဆောင်ရွက်နေစဉ်။

အလားတူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ခရိုင်၊ နတ်တလင်းခရိုင်၊ သာယာဝတီခရိုင်အတွင်းရှိ ဈေးသူ ဈေးသားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ပွဲကို ပြည်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုပေးအပ်သည့် ငွေကျပ် ၁၉၆၃၇၄၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အဆိုပါ စားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ်တစ်စင်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် HTMS Prachuap Khiri Khan (OPV-552)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိရာ တပ်မတော်(ရေ)မှအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်အား အဖွဲ့ခေါင်းဆောင်ဖြစ်သူ ထိုင်းဘုရင့်ရေတပ် 3rd Naval Area Command မှ Chief of Staff ဖြစ်သူ Rear Admiral Pongmit Narongkul ဦးဆောင်၍ ချစ်ကြည်ရေးခရီးအဖြစ် လာရောက်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင် မတ် ၃ ရက်ထိ သုံးရက်ကြာနေထိုင်၍ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ်ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး

**စစ်ကိုင်း မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်မှုဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးနှင့် မြို့နယ်ရုံးရှိ ဝန်ထမ်းများအား တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ဦးသက်ဆိုင်အောင်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(နေပြည်တော်-မန္တလေးလမ်းပိုင်း)ရှိ တိုးဂိတ်များ စစ်ဆေးခြင်းနှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း)ရှိ ပန်းတင်တိုးဂိတ် လမ်းအသုံးပြုခကောက်ခံနေမှု၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၄၂ မိုင် ၁ ဖာလုံနှင့် ၂၄၃ မိုင်ရှိ ဆင်သေချောင်းတံတား အဝင်အထွက် ကွန်ကရစ်လမ်း နှစ်လမ်းသွားမှ လေးလမ်းသွားချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ပေပင်လေးတိုးဂိတ်၊ သီးကုန်းတိုးဂိတ်တို့၌ လမ်းအသုံးပြုခကောက်ခံနေမှု၊ သီးကုန်းယာဉ်ရပ်နားကွင်းအတွင်းရှိ EV Charging Station အသုံးပြုဆောင်ရွက်နေမှု၊ ကံကောင်းတိုးဂိတ်၊ ပြင်စည်တိုးဂိတ်၊ စကားအင်းတိုးဂိတ်များ၏ လမ်းအသုံးပြုခကောက်ခံနေမှု၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ EV Charging Station ဆောင်ရွက်ပြီးစီးမှုနှင့် တံခွန်တိုင်တိုးဂိတ် လမ်းအသုံးပြုခကောက်ခံနေမှုများကို ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ဒုတိယဝန်ကြီးက လမ်းအသုံးပြုခကောက်ခံရရှိငွေ အပြည့်အဝရရှိရေး၊ နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ငွေကြေးမသမာမှုမဖြစ်စေရေး၊ CCTV နှင့် Computer စနစ်ဖြင့်ဆောင်ရွက်ပြီး လက်လုပ်ပြေစာများ လုံးဝအသုံးမပြုစေရေး၊ တာဝန်ရှိသူများက အမြဲမပြတ်စစ်ဆေးပြီး စာရင်းများ မှန်ကန်စွာတင်ပြနိုင်ရေး အလေးထားကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အမြန်လမ်းမကြီးအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာသို့ရောက်ရှိရာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြည်သူ့အငှားအိမ်ရာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စီမံကိန်းပြီးစီးမှုနှင့် အိမ်ခန်းနေရာချထားမှု၊ မြေညီထပ်အခန်းများ အခန်းဖွဲ့ကာရန်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပြည်သူ့အငှားအိမ်ရာစီမံကိန်း မြေနေရာလွှဲပြောင်းရရှိမှု အခြေအနေ၊ Phase 1 တွင် ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများ၊ အိမ်ရာအတွင်းရေ၊ မီးရရှိမှုနှင့် လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ အိမ်ရာတာဝန်ခံအရာရှိက အိမ်ရာသာယာရေးကော်မတီဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲဆောင်ရွက်မှုနှင့် လူမှုကူညီရေးအဖွဲ့ဖွဲ့စည်းခြင်း အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက အိမ်ရာလုံခြုံရေး၊ စည်းစနစ် တကျရှိစေရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ထန်းတပင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေတို့ဖြင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဖေဖော်ဝါရီ ၂၉ ရက်က လုပ်ငန်းဆောင်ရွက် ပြီးစီးနေမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူကိုကိုနှင့် တာဝန်ရှိသူများက အုတ်ဖိုကျေးရွာ၌ ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၀၄ ဒသမ ၅၆၇ သန်းဖြင့် ကျေးရွာကုန်ထုတ်ဂဝံလမ်းခင်းခြင်းလုပ်ငန်း၊ ထိန်နှစ်ပင်ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၅၇ ဒသမ ၉၅ သန်းဖြင့် ကုန်ထုတ်ဂဝံလမ်းခင်းခြင်းလုပ်ငန်း၊ ကြို့ပင်ဝိုင်းကျေးရွာ၌ တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၇၀ ဒသမ ၅၆၃ သန်းဖြင့် ကျေးရွာကုန်ထုတ်မြေသားလမ်းခင်းခြင်းလုပ်ငန်း၊ ကန့်လန့်ကုန်းကျေးရွာ၌ တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၉၂ ဒသမ ၈၁၁ သန်းဖြင့် ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ညောင်တုန်းမြို့နယ်ရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများ ရာနှုန်းပြည့်အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ညောင်တုန်း မတ် ၁**

ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းတံတားလုပ်ငန်းများ ရာနှုန်းပြည့်အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ကွင်းဆင်းကြည့်ရှုရာတွင် ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ)နှင့် လမ်းတံတား အရည်အသွေးထိန်းသိမ်းရေးအဖွဲ့ တာဝန်ရှိသူများက ညောင်တုန်းမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် စံကင်းကျွန်း ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း၊ စကြော့-အင်းမကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းနှင့် ကျုံပလောင်-ငါးသန့်ချောင်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ရုံးဌာနများ မီးဘေးအန္တရာယ် ကင်းဝေးနိုင်စေရန် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက် ၁၀ နာရီတွင် (၃၇)ရပ်ကွက် ပင်လုံလမ်းရှိ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများကို မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးတင်ကိုကိုနိုင်နှင့် ခရိုင်၊ မြို့နယ် စည်ပင်သာယာဝန်ထမ်း ၃၅ ဦးတို့အား DCP မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ ဝန်ထမ်းများအား လက်တွေ့ဆောင်ရွက်စေခြင်း၊ အသိပညာပေးဟောပြောပွဲဆောင်ရွက်ခြင်းနှင့် ရုံးတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရေး စစ်ဆေးခြင်းတို့ကို မြို့နယ်မီးသတ်ဦးစီးမှူးဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**

## ဧရာဝတီတံတား( မကွေး ) ရေလမ်း ပြောင်းလဲမည်

ဧရာဝတီတံတား( မကွေး )ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၇) နှင့် (၁၈)အကြားတွင် သတ်မှတ်ပေးထားပါသည်။ ယခုအခါ ရေကြောင်းရေလမ်းအခြေအနေအရ တံတားရေလမ်းကြောင်းကို ၂၀၂၄ ခုနှစ် မတ်လ( ၄ )ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်( ၁၇ )နှင့်( ၁၈ ) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၆)နှင့်(၁၇)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါသည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ (၁၁၀)ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် (၁၇) မီတာရှိပါသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားပါမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် (၁၅)ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်(၂)ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက်သတင်း ထုတ်ပြန်ထားပါသည်။

## ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် အရပ်သား ၁၀၀ ကျော်သေဆုံး

ဂျေရုဆလင် မတ် ၁

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများရရှိရန် စောင့်ဆိုင်းနေသည့် အရပ်သား ၁၀၀ ကျော်သေဆုံးခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ယနေ့ပြောကြားသည်။

အစ္စရေး-ပါလက်စတိုင်း အရေး စတင်ဖြစ်ပွားသည့် အောက်တိုဘာလကတည်းက လက်ရှိအချိန်အထိ ပါလက်စတိုင်း သေဆုံးမှုအရေအတွက် ၃၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

အရပ်သားများသည် အစားအစာနှင့် ရေများ ပို့ဆောင်ပေးနေသည့် ထရပ်ကားများ၏ ဘေးပတ်လည်တွင် စုဝေးလျက်ရှိစဉ် အစ္စရေးတပ်ဖွဲ့ဝင်များက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စစ်ဆင်ရေးဆင်နွှဲမှုကြောင့် ၁၁၂ ဦး သေဆုံးပြီး ၇၆၀ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဟားမတ်စ်ခေါင်းဆောင်များက ဆိုသည်။

ယင်းဖြစ်စဉ်ဖြစ်ပွားမှုတွင် ထရပ်ကားမောင်းသူများသည် အရပ်သားများရှိရာသို့ မောင်းနှင်သွားသည့်အတွက် ၎င်းတို့တွင် တာဝန်ရှိကြောင်းနှင့် အရပ်သားများသေဆုံးရခြင်းအတွက် ဝမ်းနည်းမိပါကြောင်း အစ္စရေးအစိုးရ ပြောရေးဆိုခွင့်ရှိသူ အာဗီဟောမန်က ပြောသည်။

လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ဘေးကင်းလုံခြုံသည့်နည်းလမ်းများဖြင့် ပေးပို့ခြင်းမရှိသည့်အတွက် ယခုကဲ့သို့ ဖြစ်ပွားရခြင်း ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖန်ဒူဂျာရစ်က ဆိုသည်။

လာမည့် သီတင်းပတ်ကုန်ခါနီးတွင် မွတ်စလင်ဘာသာဝင်များ၏ ဥပုသ်လရောက်ရှိမည်ဖြစ်သည့်အတွက် ဗေ့စပ်ညှိနှိုင်းရေးနိုင်ငံများက အပစ်အခတ်ရပ်စဲရေးအတွက် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ် ၄ ရက်မတိုင်မီ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိရန် မျှော်လင့်ကြောင်းနှင့် ယခုဖြစ်စဉ်ကဲ့သို့ အရပ်သားအများအပြား သေဆုံးခြင်းသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ရှုပ်ထွေးစေနိုင်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**





## ဂျပန်နိုင်ငံအလယ်ပိုင်း အီရှီကာဝါစီရင်စုတွင် ငလျင်လှုပ်ခတ်ပြီးနောက် သတင်းတုသတင်းမှားများပျံ့နှံ့ခဲ့

တိုကျို မတ် ၁

ဂျပန်နိုင်ငံအလယ်ပိုင်း အီရှီကာဝါစီရင်စုတွင် လူအသေအပျောက်များပြားသည့် ငလျင်လှုပ်ခတ်ပြီးနောက် ဆိုရှယ်မီဒီယာများတွင် သတင်းတုသတင်းမှားများပျံ့နှံ့ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ယင်းငလျင်လှုပ်ခတ်သည့်နေ့နှင့် နောက်ဆက်တွဲလှုပ်ခတ်သည့်နေ့များတွင် လူမှုမီဒီယာများ၌တင်ထားသည့် မှတ်ချက်၂၃ ခုကို လူမှုမီဒီယာအသုံးပြုသူများက အကြိမ်ရေ ၁၀၀၀၀ ကျော်ကြည့်ရှုခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာန၏ လေ့လာချက်များအရ သိရသည်။

အဆိုပါလူမှုမီဒီယာများတွင်ရေးသားထားသည့် မှတ်ချက်များတွင် ငလျင်ဘေးသင့်သူများက လိပ်စာနှင့်တကွ အကူအညီပေးရန် တောင်းဆိုမှုများပါဝင်ပြီး ရေးသားထားသည့်အချို့မှတ်ချက်များမှာ သတင်းတု၊ သတင်းမှားများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

လူမှုမီဒီယာတွင်ရေးသားထားသည့် မှတ်ချက်တစ်ခုတွင် “ကျွန်မခင်ပွန်းရဲ့ ခြေထောက်တွေ ထိခိုက်ဒဏ်ရာရနေလို့ အပြင်ကို မထွက်နိုင်တော့ပါဘူး။ ကယ်ဆယ်ရေးအတွက် အရေးပေါ်ဖုန်းခေါ်ဆိုမှုတွေလည်း ဖြေကြားခြင်း မရှိပါဘူး”ဟု ရေးသားထားသော်လည်း ဤပို့စ်ပါ အချက်အလက်များသည် သတင်းတုသတင်းမှားသာဖြစ်ကြောင်း တာဝန်ရှိသူများက အတည်ပြု နိုင်ခဲ့သည်။

လူမှုမီဒီယာများပေါ်ရှိ မှားယွင်းသောအချက်အလက်များကို အခြေခံ၍ ကယ်ဆယ်ရေးဝန်ထမ်းများအား ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် တည်နေရာမှားယွင်းစေလွှတ်သည့်ဖြစ်စဉ်များလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆိုရှယ်မီဒီယာပို့စ်များကို အချက်အလက်စစ်ဆေးသည့် ဂျပန်နိုင်ငံရှိ ကုမ္ပဏီတစ်ခုက အီရှီကာဝါ စီရင်စုရှိ တာဝန်ရှိသူများထံ သတင်းအချက်အလက်အမှန်များ ဖြန့်ဝေပေးသည့် ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ဆိုရှယ်မီဒီယာလုပ်ငန်းများသည် သတင်းတု၊ သတင်းမှားများကို ဖော်ထုတ်ရေးအတွက် စနစ်တစ်ခုကို တီထွင်ရန် လိုအပ်သည်ဟု ကျွမ်းကျင်သူများက ပြောကြားသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–စိုးသူရ**

## အနောက်ပစိဖိတ်ဒေသတွင် ဝက်သက်ရောဂါဖြစ်ပွားမှု ယခင်နှစ်များကထက် ပိုမိုမြင့်တက်လျက်ရှိ

ဂျီနီဗာ မတ် ၁

အနောက်ပစိဖိတ်ဒေသတွင် ဝက်သက်ရောဂါဖြစ်ပွားမှုသည် ယခင်နှစ်များကထက် ပိုမိုမြင့်တက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ က ယမန်နေ့တွင် သတိပေးပြောကြားသည်။

ယင်းသို့ ရောဂါဖြစ်ပွားမှုမြင့်တက်လာခြင်းသည် ဒေသတွင်း၌ ကာကွယ်ဆေးထိုးနှံမှုလျော့နည်းခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုမှုမရှိခြင်းနှင့် ရောဂါဖြစ်ပွားသည့် နိုင်ငံများမှ ခရီးသွားများလာရောက်ခြင်းတို့ကြောင့် ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အနောက်ပစိဖိတ်ဒေသ၌ ၂၀၂၃ ခုနှစ်တွင် ဝက်သက်ရောဂါဖြစ်ပွားသူပေါင်း ၅၀၄၄ ဦးရှိခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် နှစ်နှစ် အတွင်းတွင် ရောဂါဖြစ်ပွားသူပေါင်း ၂၅၀၂ ဦးရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ကလေးငယ် ၃ ဒသမ ၆ သန်း ကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းမရှိခဲ့သည့်အတွက် အနောက်ပစိဖိတ်ဒေသ၌ ယခုနှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားမှု ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးပြောကြားသည်။

ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့တွင်လည်း ဝက်သက်ရောဂါကူးစက်ခံရမှုအရေအတွက် မြင့်တက်လျက်ရှိသည်။

ဒေသတွင်း၌ ဝက်သက်ရောဂါကူးစက်မှုဖြစ်ပွားခြင်းသည် ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်းနှင့် နိုင်ငံများအနေဖြင့် ဝက်သက်ကာကွယ်ဆေးထိုးနှံမှုနှင့် ခိုင်မာသော ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးကြောင်း အနောက်ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဒါရိုက်တာ ဆိုင်ရာ မာအူပီကာလာက ပြောကြားသည်။

ဝက်သက်ဗိုင်းရပ်စ်သည် လူတစ်ဦးနှင့်တစ်ဦးအကြား ကူးစက်မှု အလွန်မြန်ဆန်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ဇန်နဝါရီလတွင် ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ လျော့ကျ

တိုကျို မတ် ၁

ဂျပန်နိုင်ငံ၏အလုပ်လက်မဲ့နှုန်းသည် ဇန်နဝါရီလတွင် ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်း ဂျပန်နိုင်ငံပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက မတ် ၁ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။



ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ အဆိုအရ ဇန်နဝါရီလ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကထက် သိသိသာသာ ကျဆင်းခဲ့ကြောင်း သိရသည်။

ယင်းသို့ အလုပ်လက်မဲ့နှုန်း ကျဆင်းသွားသော်လည်း အလုပ်ရှင်ဦးရေမှာမူ နှစ်လဆက်တိုက် လျော့ကျသွားသည့်အတွက် အလုပ်အကိုင်ရရှိရေးနှင့် စပ်လျဉ်း၍ သိသိသာသာ လျော့နည်းလာခဲ့ကြောင်း ဂျပန်နိုင်ငံ Dai-ichi Life Research Institute မှ စီးပွားရေးပညာရှင် တိုရှီဟီရို နာဂါဟာမာက ပြောကြားသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ဂျပန်နိုင်ငံ၏ အလုပ်အကိုင်ရရှိသူဦးရေသည် ၆၇ ဒသမ ၆၁ သန်းရှိပြီး ဒီဇင်ဘာလနှင့် နိုဝင်ဘာလထက် ၃ ရာခိုင်နှုန်းနှင့် ၈ ရာခိုင်နှုန်း အသီးသီး ကျဆင်းသွားကြောင်း ကိန်းဂဏန်းများအရ သိရသည်။ **ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

## ကမ္ဘောဒီးယားနိုင်ငံ၌ မှတ်ပုံတင်ထားသည့် လျှပ်စစ်သုံးယာဉ် ၁၃၃၅ စီးအထိရှိလာ

ဖနောင်ပင် မတ် ၁

ကမ္ဘောဒီးယားနိုင်ငံတွင် ယမန်နှစ်အတွင်းက လျှပ်စစ်သုံးယာဉ် ၆၀၄ စီးမှတ်ပုံတင်ခဲ့သဖြင့် နိုင်ငံတစ်ဝန်း မှတ်ပုံတင်ထားသည့် လျှပ်စစ်သုံးယာဉ်အရေအတွက် ၁၃၃၅ စီးရှိလာခဲ့ကြောင်း ပြည်သူ့ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ယနေ့မှတ်တမ်းများအရ သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း လျှပ်စစ်သုံးယာဉ် သုံးစွဲမှု အရှိန်ရနေပြီး အဆိုပါယာဉ်များအတွက် ဓာတ်အားဖြည့်ရုံများကို နေရာဒေသ ၁၈ ခု၌ တည်ဆောက်နိုင်ခဲ့သည်။ ကမ္ဘောဒီးယားအစိုးရသည် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းသောအားဖြင့် နိုင်ငံအတွင်းလျှပ်စစ်သုံးကားနှင့် ဆိုက်ကယ်များသုံးစွဲခြင်းကို အားပေးလျက်ရှိသည်။ ထို့ပြင်လျှပ်စစ်သုံးယာဉ်များသည် လောင်စာဆီသုံးယာဉ် များထက် ပြုပြင်ထိန်းသိမ်းစရိတ်နည်းပါးသည့် အားသာချက်ရှိကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံအတွင်း ကာဗွန်ထုတ်လွှတ်မှုလျှော့ချရန်အတွက် ၂၀၅၀ ပြည့်နှစ်တွင် လျှပ်စစ်ကား ၄၀ ရာခိုင်နှုန်းနှင့် လျှပ်စစ်မော်တော်ဆိုင်ကယ် ၇၀ ရာခိုင်နှုန်းအထိ သုံးစွဲရေး ဆောင်ရွက်နေကြောင်း ပြည်သူ့ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ တိရစ္ဆာန်များ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် သရက်ခရိုင် ကံမမြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ တရားမဝင် အခြားသစ် ၅ ဒသမ ၄၅တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၄၆၂၆) ကို သစ်တောဥပဒေအရ လည်းကောင်း၊ မင်းလှမြို့ သင်ပုန်းပင်ကားလမ်းကွေ့အနီး၌ တရားမဝင် သယ်ဆောင်လာသည့် နွားထီး ၂၄ ကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)ကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၂၄၆၂၆)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ကျုံပျော်ခရိုင် ရေကြည်မြို့နယ်၌ တရားမဝင် အခြားသစ် ၅၉ ဒသမ ၈၅၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၄၁၅၇၂)ကို လည်းကောင်း၊ မြန်အောင်ခရိုင် အင်္ဂပူမြို့နယ်၌ တရားမဝင် အခြားသစ် ၉၂ ဒသမ ၀၂၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၁၉၉၃၈၂)ကိုလည်းကောင်း၊ မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ တရားမဝင်အခြားသစ် ၂ ဒသမ ၆၀၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၅၈၁)ကိုလည်းကောင်း၊ ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ တရားမဝင် အခြားသစ် ၂ ဒသမ ၄၀၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၄၈၇)ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၄၂၀၂၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၈ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မော်လမြိုင်မြို့ ရွှေဖျိုင်းကားဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ ဂုန်နီအိတ်မျိုးစုံ အထုပ် ၃၀၀ ၊ ပီနံအိတ် ၄၉ ထုပ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၂၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၉ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Rubber Slipper ဖိနပ်ကုန်ကြမ်းပစ္စည်း ၁၇၅၀ ကီလိုဂရမ်၊ Scott Paint Thinner ဟု ယူဆရသော အရည် ၆၀၀၀ ကီလိုဂရမ်၊ စက်မှုကုန်ကြမ်းဘေထုပ် ကီလိုဂရမ် ၅၆၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့်နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း၌ တရားမဝင် ကျွန်းသစ် (၁၀ ဒသမ ၃၂၉ တန်) (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၄၅၆၄၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ မတ် ၁ ရက်တွင် ပဲခူးခရိုင် တောင်ငူခရိုင်နှင့် ညောင်လေးပင် ခရိုင်များအတွင်း၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၈၉၇ တန်၊ သစ်မာ၁၁ ဒသမ ၈၇၉ တန်၊ အခြားသစ် ၂၂ ဒသမ ၆၆၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၉၈၈၈၆)ကို သစ်တောဥပဒေအရ လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၂၆၁၉၅၃၄)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၇ ရက်၊ ၂၈ ရက်၊ ၂၉ ရက်နှင့် မတ် ၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၆၀၆၁၈၂)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# နောင်ချိုမြို့၌ ငွေကျပ်သိန်း ၇၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၉ သိန်းနှင့် စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄၈ ကီလို သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁

နောင်ချိုမြို့၌ ငွေကျပ်သိန်း ၇၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၉ သိန်းနှင့် စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နောင်ချိုမြို့ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းမကြီး အတိုင်း ကျောက်မဲဘက်မှ နောင်ချိုဘက်သို့ မင်းမင်းကို မောင်းနှင်လာသော HYUNDAI GRAND STAREX ယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် သိန်း ၇၆၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၉ သိန်းနှင့် စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄၈ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ပေါ်ပေါက်ချက်အရ မွန်းလွဲ ၁ နာရီတွင် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ ကျော်သူအောင်ကို နောင်ချိုမြို့နယ် သဖန်းကိုင်းကျေးရွာအနီးတွင် NISSAN AD VAN ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့၍ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ် ခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ် လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၃-၂၀၂၄ စနေနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ရတနသုတ် ဖော့ဇ္ဈင်္ဂသုတ်၊အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | Weekly Sports Info |
| ၀၈:၃၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ)(ပထမပိုင်း) |
| ၀၉:၃၅ | တောင်သူလယ်သမားနေ့ဂုဏ်ပြုအစီအစဉ် |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူငယ်ရေးရာအစီအစဉ် |
| ၁၁:၀၀ | တောင်သူလယ်သမားနေ့ဂုဏ်ပြုတေး |
| ၁၁:၃၅ | ၂၀၂၄ခုနှစ်၊တက္ကသိုလ်ဝင်စာမေးပွဲအထောက် အကူပြုဘာသာရပ်ဆိုင်ရာသင်ကောင်းစရာများ (ရူပဗေဒဘာသာရပ်) |
| ၁၃:၁၀ | MRTV National News |
| ၁၃:၅၀ | (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း-၃+၄) |
| ၁၄:၂၀ | ၂၀၂၄ခုနှစ်၊တက္ကသိုလ်ဝင်စာမေးပွဲအထောက် အကူပြုဘာသာရပ်ဆိုင်ရာသင်ကောင်းစရာများ (ဇီဝဗေဒဘာသာရပ်) |
| ၁၆:၃၅ | ပုံပြင်ကမ္ဘာအစီအစဉ် 'နီနီသိပ်ပြီ' |
| ၁၆:၄၅ | ရွှေယုံလင်အာဆီယံအစီအစဉ် |
| ၁၇:၂၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ)(ဒုတိယပိုင်း) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | တောင်သူလယ်သမားနေ့ဂုဏ်ပြုတေး |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'ဆုတောင်းပြည့်ကြယ်တာရာဝတာလာ'** (အပိုင်း-၃၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ရယ်ရွှင်ပျော်(ဟာသတစ်ခန်းရပ်ပြဇာတ်) **'တစ်ခုပြီးတော့တစ်ခု'** |
| ၂၁:၅၀ | ဟိုးတုန်းက...ကက်ဆက်ဇာတ်လမ်းများ **'ကိုဝဦး၊ မဦးခင်၊ တင်မောင်မောင်'** |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Myat Day Thanar (Pan Ei Phyu) |
| 07:10 | Weekly Review |
| 07:28 | Star Bean Production |
| 07:47 | Myanmar Family Life: Togetherness of Family Meal Time |
| 08:01 | News |
| 08:27 | Daingnak Style |
| 08:40 | Pork - Tha Khut Curry |
| 08:50 | World Peasant's Day |
| 09:01 | Quiz Time (Ep-60) |
| 10:01 | News |
| 10:26 | Children's Delight: National Library for Children (I'm an Elephant) |

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
လေးရှင်းတောင်မီးပြတိုက်ဟောင်း

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည်(အပိုင်း-၁)

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ပျော်ရွှင်စရာ 'ဝ' ရိုးရာစကောထမင်းဗိုင်း

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၅)

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဝလေ့ ဆိုရိုးစကားများ(အပိုင်း-၂)

**ဝကောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ရှင်သီဝလိခြေတော်ရာသို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
သုတေသနပြုခြင်းမှသည်ထွက်နူနီးစံမို မြန်မာ့စပါးကို

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ကြိတ်အေတွေ့ချက်

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
ရာမညမြေမှအလှတရားများ (အပိုင်း-၁)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | ရွှေသို့ချီမည်ပန်းတိုင်ဆီ |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၄၅ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၁၅ | Bird's Eye View |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ) |
| ၁၁:၃၀ | ရွှေသို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၁၅ | သုတပဒေသာ စိုက်ပျိုးနည်းပညာ |
| ၀၆:၂၅ | 'တောင်သူလယ်သမားနေ့' ဂုဏ်ပြုအစီအစဉ် တောင်သူ့တစ်နေ့တာ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၁၈:၀၀ | သားပိုက်ကောင် (ဇာတ်လမ်း) |
| ၂၂:၀၀ | Past Lives (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Max |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၉:၄၀ | Soccer View |

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ဟိုပုံး-မိုင်းပွန်သွား ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် PNLA အဖွဲ့နှင့် KNDF ၊ KNPP အကြမ်းဖက်သောင်းကျန်းသူများ ပိတ်ဆို့ထားသည့်နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်း၊ လမ်းကြောင်းအား ပြန်လည်ထိန်းချုပ်

နေပြည်တော် မတ် ၁

အေးချမ်းတည်ငြိမ်လျက်ရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသအတွင်း အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော ပြည်ထောင်စုလမ်းမကြီးအား ဖြတ်တောက်ပိတ်ဆို့ရန် အကြံဆိုးဖြင့် ပြည်ပမှ NUG ၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့၊ ပြည်တွင်း မှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့၏ မြှောက်ပင့်ပေးမှုများအရ NCA တွင် လက်မှတ်ရေးထိုးထားသည့် PNLA အဖွဲ့မှ ငြိမ်းချမ်းမှုကို မလိုလားသူအချို့နှင့် KNDF ၊ KNPP အကြမ်းဖက် ပူးပေါင်းအဖွဲ့များသည် ဖေဖော်ဝါရီ ၂၁ ရက်မှ စတင်၍ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး လမ်းကြောင်းတစ်လျှောက်ရှိ အဓိကနေရာများအား ပိတ်ဆို့မှုများ လုပ်ဆောင်လာခဲ့သည်။

ထိုသို့ ပိတ်ဆို့မှုများကြောင့် ခရီးသွားလာမှုများ ခေတ္တရပ်တန့်ခဲ့ရပြီး ကုန်စည်စီးဆင်းမှုများ ပြတ်တောက်ခဲ့ရာ ဒေသခံပြည်သူများ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ ဖြစ်စဉ် ဖြစ်လျှင်ဖြစ်ခြင်း တိုက်ခိုက်ရေးစစ်ကြောင်းများအား စနစ်တကျ အင်အားစုဖွဲ့၍ ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်ကာ ဆီဆိုင်-မိုင်းပွန် ကားလမ်းတစ်လျှောက်နှင့် ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် ဘေးဝဲယာများကို ချီတက်ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်အဖွဲ့များနှင့် ထိတွေ့တိုက်ပွဲ ၁၆ ကြိမ် ဖြစ်ပွားခဲ့ပြီး ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြည်ထောင်စုလမ်းမကြီးအား အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့ မတ် ၁ ရက်မှ စတင်၍ ယာယီရပ်တန့်ခဲ့သည့် ခရီးသွားယာဉ်များ၊ လူစီးယာဉ်၊ ကုန်သယ်ယာဉ်များ ပုံမှန်အတိုင်း သွားလာနိုင်ပြီးဖြစ်ကြောင်း သိရသည်။




ဟိုပုံး-မိုင်းပွန်သွား ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် PNLA အဖွဲ့နှင့် KNDF၊ KNPP အကြမ်းဖက်သောင်းကျန်းသူများ ပိတ်ဆို့ထားသည့်နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်း၊ လမ်းကြောင်းအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် နေရာပြပုံ။

ထိတွေ့တိုက်ပွဲများအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကျဆုံး၊ ထိခိုက်ဒဏ်ရာများရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းအချို့၊ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရှုပ်ရှုပ်ချုံချုံ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ဟိုပုံး-မိုင်းပွန်သွား ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် အကြမ်းဖက်သမားများ၏ ပိတ်ဆို့ထားသည့် နေရာများအား ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပြီး ယနေ့တွင် မိုင်းပွန်မြို့မှ တောင်ကြီးမြို့အထိ ပုံမှန်အတိုင်း သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် ယခုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် လမ်းမကြီးအား ပိတ်ဆို့၍ ဆက်ကြေးကောက်ခြင်း၊ လက်နက်မှောင်ခိုလုပ်ငန်းများနှင့် မူးယစ်ဆေးဝါး ဖြန့်ချိရောင်းချရေးလုပ်ငန်းများကို လုပ်ကိုင်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများအား ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တကောင်းမြို့၌ PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ၏ နေအိမ်များ မီးလောင်ပျက်စီးမှုများဖြစ်ပွား

နေပြည်တော် မတ် ၁

PDF အမည်ခံ အကြမ်းဖက်သမားများသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ ရပ်ကွက်များ၊ မြို့၊ ရွာများ၊ ပညာရေးကျောင်းများ၊ သာသနိကအဆောက်အအုံများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့ ညနေ ၅ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများသည် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တကောင်းမြို့ ရွှေဇာလီဘုန်းကြီးကျောင်း၏ အရှေ့ဘက်အမြင့် မီတာ ၈၀၀ ခန့်အကွာမှ Drone ယာဉ်များဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဘုန်းကြီးကျောင်း၏ အရှေ့ဘက်ရှိ ဦးအောင်ဇော်ဦး၏ နေအိမ်ပေါ်သို့ ဗုံးသီးများ ကျရောက်ပေါက်ကွဲကာ မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့သည့်နေရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မီးသတ်ယာဉ်များနှင့် ရေသယ်ယာဉ်များ အသုံးပြုကာ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် သွပ်မိုး/ထရံကာ နေအိမ်အလုံး ၂၀ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ မီးဘေးသင့် အိမ်ထောင်စုဝင်များအား ရွှေဇာလီဘုန်းကြီးကျောင်း၌ ထားရှိကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





# ကျိုက်မရောမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ကျိုက်မရော မတ် ၁

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဒုတိယအကြိမ် အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးက ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စစ်မှုထမ်းစနစ်ကို ကျင့်သုံးရခြင်း၏ အကြောင်းရင်းများ၊ အကျိုးခံစားခွင့်များ၊ စစ်မှုထမ်းရမည့်အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန် အချိန်ကာလနှင့် လူမှုကွန်ရက်စာမျက်နှာ Facebook၊Telegram များမှ မဟုတ်မမှန်သတင်းများကို မယုံကြည်ကြရန်တို့ကို ပြောကြားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

မိချို(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၁၅ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၀ | ၂၇၈၅ | ၂၇၇၀ | ၂၇၅၀ | ၂၈၄၅ | ၂၈၆၅ | ၂၇၅၅ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၀၅ | ၃၀၃၅ | ၃၁၅၀ |
| 95 Ron | ၂၈၃၅ | ၂၈၈၅ | ၂၈၈၀ | ၂၈၄၀ | ၂၈၈၀ | ၂၉၀၅ | ၂၈၉၀ | ၂၈၆၅ | ၂၉၆၅ | ၂၉၈၀ | ၂၈၇၅ | ၂၈၉၀ | ၂၉၂၀ | ၂၉၂၀ | ၂၉၂၀ | ၃၁၅၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၅ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၅ | ၂၈၀၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၈၄၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၃၅ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၅၈၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၇၀ | ၂၆၉၀ | ၂၆၈၀ | ၂၅၇၅ | ၂၅၈၅ | ၂၆၂၀ | ၂၆၂၀ | ၂၆၂၅ | ၂၈၅၅ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၉၀ | ၂၆၇၆ |
| 95 Ron | ၂၇၀၅ | ၂၇၉၃ |
| HSD (500 ppm) | ၂၃၆၆ | ၂၄၄၃ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၈၃ |
| HSD (10 ppm) | ၂၄၁၆ | ၂၄၉၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း ဖွင့်လှစ်



တောင်ကြီး မတ် ၁

ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ပေါ်ထွက်လာစေရေး၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မြို့ပြနှင့် ကျေးလက်များအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာစေရေးတို့အတွက် အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းများကို တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**ပြောကြား**

လျှပ်စစ်သံဂဟေဆက် သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ယခု အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်းကို လူငယ်၊ လူရွယ်များ အခြေခံလျှပ်စစ်သံဂဟေဆက်ပညာ တတ်မြောက်ပြီး ဝင်ငွေရရှိသောလုပ်ငန်း ထူထောင်လာနိုင်စေရန်၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရန်နှင့် အသေးစားစက်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရေး အတွက် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းဖြစ်သော Micro Lab အခန်းသုတေသနနှင့် ဓာတ်ခွဲခန်းတို့အား လှည့်လည်ကြည့်ရှုကြပြီး အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်းအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ သင်တန်းနည်းပြဆရာများက လက်ခံရယူသည်။

**သင်ကြားပေးသွားမည်**

အဆိုပါအခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်းကို ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၂၉ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ရက်ကန်းကျောင်းရှိ စက်ရက်ကန်း၊ လက်ရက်ကန်းများနှင့် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ ရက်ကန်းကျောင်းတာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာပေနှင့်သတင်းမီဒီယာဖွံ့ဖြိုးရေးဆိုင်ရာနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း ဟောပြောဆွေးနွေး



ရန်ကုန် မတ် ၁

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာပေနှင့် သတင်းမီဒီယာဖွံ့ဖြိုးရေးဆိုင်ရာနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

**ဟောပြော**

အခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့၏ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က စာပေလောက၊ သတင်းမီဒီယာလောကအတွက် အရေးကြီးသည့် သစ္စာတရားနှင့် ကျင့်ဝတ်များ၊ သတင်းတု၊ သတင်းမှားများနှင့်ပတ်သက်၍ ဟောပြောခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံက ပြည်သူ့စစ်မှုထမ်း ဥပဒေပါ အကြောင်းအရာများကို လွယ်ကူရှင်းလင်းစွာ သိရှိနိုင်စေရေးနှင့် လူငယ်များအတွက် တိုင်းပြည်ချစ်စိတ်မြင့်မားလာစေရန် ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ပါမောက္ခ ဒေါက်တာ မြသိန်းဟန်က ပြည်သူများအနေဖြင့် တိုင်းပြည်အနာဂတ်ကို ကောင်းမွန်စွာပုံဖော်တည်ဆောက်ရာတွင် တတ်နိုင်သည်ဘက်မှ ပါဝင်လာစေရေးအတွက် စစ်မှုထမ်းဆောင်ရေးသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးကြီးသည့် အခြေအနေတစ်ခုဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က ကျေးဇူးတင်စကားပြောကြားသည်။

**သတင်းစဉ်**

# တောင်ငူမြို့နယ်၌ ပြည်တွင်းထုတ် တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြသ



တောင်ငူ မတ် ၁

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် လဲဘူးကျေးရွာတွင် မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် တီထွင်ထုတ်လုပ်ထားသော ပြည်တွင်းထုတ် AGRO FUTURE MYANMAR တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြသခြင်းကို လဲဘူးကျေးရွာ တောင်သူ ဦးသိန်းလွင်၏ နွေစပါးငါးဧက၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ထိုသို့ ကွင်းသရုပ်ပြသရာတွင် ခရိုင်နှင့် မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနမှ တာဝန်ရှိသူများက တန်ဖိုးနည်း လက်ဆွဲကောက်စိုက်စက်အသုံးပြုခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများအား တန်ဖိုးနည်းလက်ဆွဲ ကောက်စိုက်စက်ဖြင့် နွေစပါး စိုက်ပျိုးခြင်းကို ကွင်းသရုပ်ပြသသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ကွင်းသရုပ်ပြသခြင်းသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

❐ MNL Cup မှ

များတွင် ဂိုးများဆက်တိုက်ပေးခဲ့ရခြင်းဖြစ်သည်။

၆၅ မိနစ်တွင် ထက်ဖြိုးဝေ၏ သွင်းဂိုးဖြင့် ရှမ်းယူနိုက်တက်အသင်း အဖွင့်ဂိုးရခဲ့ပြီး ၆၈ မိနစ်တွင် ရဲရင့်အောင်၊ ၈၃ မိနစ်တွင် သူရိန်ထွန်းနှင့် ၉၀+၁ မိနစ်တွင် မတ်ခ်ဆာကီတို့က သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် MNL ကလပ် ရခိုင်ယူနိုက်တက်အသင်းက MNL-2 ကလပ် Glory Goal အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၆ မိနစ်တွင် မင်းခန့်ကျော်၊ မိနစ် ၉၀ တွင် သီဟထက်အောင်တို့က သွင်းယူပြီး ဒုတိယဂိုးမှာမူ ၃၄ မိနစ်တွင် Glory Goal အသင်းမှ အောင်ကျော်မျိုး ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် MNL ထိပ်သီးကလပ် ရန်ကုန်ယူနိုက်တက်အသင်းက MNL-2 ကလပ် ရွှေပြည်သာအသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၁၊ ၂၁ မိနစ်တွင် တက်တာ၊ မိနစ် ၃၀ တွင် ဂူရီယိုယာယာ၊ ၄၃ မိနစ်တွင် အီမန်နျူရယ်၊ ၆၅၊ ၇၅ မိနစ်တွင် လမင်းထွေး၊ ၇၈ မိနစ်တွင် သာယာဝင်းထက်တို့က သွင်းယူခဲ့သည်။ တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် MNL ကလပ် မဟာယူနိုက်တက်အသင်းက MNL-2 ကလပ် တက္ကသိုလ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၉၊ ၃၅၊ ၄၇ မိနစ်တွင် ပက်ထရစ်၊ ၆၅ မိနစ်တွင် အောင်လှိုင်ဝင်းတို့က သွင်းယူပြီး တက္ကသိုလ်အသင်းအတွက် ဂိုးများကို ၅၃ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် သန်းမြတ်စိုး၊ ၈၉ မိနစ်တွင် လှိုင်ဘွားတို့က သွင်းယူသည်။

အုပ်စုဒုတိယနေ့ကို မတ် ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ဟံသာဝတီအသင်းနှင့် ငွေကြယ်ပွင့်အသင်း၊ ပဒုမ္မာကွင်း၌ Dagon Port အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်း၊ တက္ကသိုလ်ကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

❍ ကျောဖုံးမှ

သွင်းယူပေးခဲ့တာဖြစ်ပြီး ပထမအကျော့ပွဲစဉ်မှာ ဘီဘာအိုအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုးပြတ်နဲ့ ဘီဘာအိုအသင်းက ဗိုလ်လုပွဲ တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဘီဘာအိုအသင်းဟာ စပိန်ကိုပါဒယ်ရေးဖလားကို ၁၉၈၄ ခုနှစ်က နောက်ဆုံးအကြိမ်အဖြစ် ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ ဘီဘာအိုအသင်းဟာ ဗိုလ်လုပွဲစဉ်မှာ မာယော့ကာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး မာယော့ကာအသင်းဟာ ဆီမီးဖိုင်နယ်အဆင့်မှာ ရီးယဲလ်ဆိုစီဒက်အသင်းကို ပင်နယ်တီအဆုံးအဖြတ်မှာ ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မာယော့ကာအသင်းကတော့ ၁၉၉၁ ခုနှစ်နဲ့ ၁၉၉၈ ခုနှစ်တို့မှာ စပိန်ကိုပါဒယ်ရေးဖလား နှစ်ကြိမ် တက်လှမ်းခွင့်ရရှိခဲ့ပေမယ့် နှစ်ကြိမ်စလုံးရှုံးနိမ့်ခဲ့ပြီး ၂၀၀၃ ခုနှစ်မှသာ စပိန်ကိုပါဒယ်ရေးဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဘီဘာအိုအသင်းနဲ့ မာယော့ကာအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် စပိန်ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲစဉ်ကို ဧပြီ ၆ ရက်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

**ငွေကြယ်**

# ပဲခူးမြို့အတွင်းရှိ စာသင်တိုက်ကြီး ခုနစ်တိုက်မှ သံဃာတော်များနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



နေပြည်တော် မတ် ၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အတွင်းရှိ စာသင်တိုက်ကြီး ခုနစ်တိုက်မှ သံဃာတော်အပါး ၁၆၀၊ အုပ်ချုပ်သူရှစ်ဦး၊ ဆေးအကူ နှစ်ဦး စုစုပေါင်း ၁၇၀ နှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိများ စုစုပေါင်း ၁၅၃ တို့သည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ နံနက်ပိုင်းတွင် သံဃာတော်များအားလည်းကောင်း၊ ညနေပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိများအားလည်းကောင်း ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထား ကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာသံဃာတော်များနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ထို့ပြင် ဘုရားဖူးလာသံဃာတော်များနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူးလာသံဃာတော်များနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဘုရားဖူးလာ သံဃာတော်များနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေချုပ်များ၊ ဥပဒေအရာရှိများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော် လေ့လာကြည်ညိုကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် သံဃာတော်များနှင့် ဥပဒေအရာရှိများ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါသည် -







ဦးဇင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ချမ်းမြေ့ဇေယျာသာမဏေကျော် တက္ကသိုလ်ကျောင်းတိုက်က လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ တကယ်ခမ်းနားသပ္ပာယ်ပြီး ကြည်ညိုဖွယ်ရာကောင်းတဲ့ ဒီလိုနေရာမျိုးကို ရောက်လာတာကတော့ ဦးဇင်းတို့ရင်ထဲမှာ တကယ်ကို ဝမ်းမြောက်ပီတိဖြစ်မိပါတယ်။ ဒီလိုနေရာမျိုးကို ရောက်မယ်လို့လည်း ဦးဇင်းတို့ ထင်မထားခဲ့ပါဘူး။ တကယ်ကိုကံကောင်းထောက်မလို့ ဦးဇင်းတို့ ဒီလိုရောက်လာခြင်းဖြစ်ပါတယ်။ အခုလို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ဦးဇင်းလည်း ဝမ်းမြောက်ပီတိဖြစ်မိပါတယ်။ တကယ်ကို ခမ်းနားတဲ့နေရာဖြစ်တဲ့အတွက် ဒီဘုရားကြီးကို လူတိုင်းလာရောက်ဖူးမြော်ဖို့ ဦးဇင်းအနေနဲ့ ဖိတ်ခေါ်ချင်ပါတယ်။

ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဘုရားကြီးကို လာရောက်ဖူးမြော်နိုင်ဖို့ ဥပဒေရေးရာဝန်ကြီးဌာနက စီစဉ်ပေးတဲ့အတွက် အခုလို လာရောက်ဖူးမြော်ခွင့် ရရှိတာဖြစ်ပါတယ်။ ဒီဘုရားကြီးကို ဖူးမြော်လိုက်ရတဲ့အချိန်မှာ ကျွန်တော်တို့ရင်ထဲမှာ ဝမ်းသာပီတိဖြစ်ရသလို ကြည်နူးမှုလည်းဖြစ်ရပါတယ်။ အခက်အခဲတွေကြားထဲက ဒီဘုရားကြီးကို တည်ထားကိုးကွယ်နိုင်အောင် စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်။ မာရဝိဇယဆိုတဲ့စကားနဲ့အညီ ကျွန်တော်တို့ ဘုရားဖူးပြည်သူတွေအားလုံး ဘေးအပေါင်း၊ ရန်အပေါင်း၊ မာန်အပေါင်းကနေပြီးတော့ ကင်းဝေးကြလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်ခင်ဗျာ။

ကျွန်မကတော့ မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်သန္တာမြင့် ဖြစ်ပါတယ်။ မကွေးမြို့ကနေလာရောက်ဖူးမြော်တာဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်တွေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေအရာရှိတွေနဲ့ ခရိုင်ဥပဒေအရာရှိတွေအားလုံး စုပေါင်းပြီး လာရောက်ဖူးမြော်ကြခြင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီဘုရားကြီးကို တတိယအကြိမ် လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ ဘုရားကြီးကို ဖူးမြော်ရတဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဘုရားကြီးက ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်တဲ့အပြင် ရင်ပြင်တော်အပေါ်ကို တက်လိုက်တာနဲ့ တိမ်တိုက်ကြီးအပေါ်မှာ စံပယ်နေသလို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်စံပယ်နေသလို ဖူးမြော်ရတဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက သက်တော်ထင်ရှားမြတ်စွာဘုရားကို ဖူးမြော်ရတယ်လို့ပဲ စိတ်ထဲမှာရည်မှန်းပြီး ဝမ်းသာပီတိဖြစ်မိပါတယ်။

---

## မိုးလေဝသ အသိပေးနှိုးဆော်ချက်

နေပြည်တော် မတ် ၁

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပုံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

---

## အင်းစိန်မြို့နယ် ကျောက်တော်ကြီးဘုရား၌ ဥပ္ပါတသန္တိသုတ်ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



ရန်ကုန် မတ် ၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဥပ္ပါတသန္တိသုတ် ရွတ်ဖတ်ပူဇော်ပွဲကို ယနေ့နံနက် ၅ နာရီတွင် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) တည်ရှိရာ ဂန္ဓကုဋီတိုက် ကျောင်းတော်ကြီးအတွင်း၌ ကျင်းပသည်။

အဆိုပါရွတ်ဖတ်ပူဇော်ပွဲတွင် မင်းဓမ္မကုန်းတော် ဂေါပကဥက္ကဋ္ဌ အမှူးပြုသော လူပရိသတ်အပေါင်းတို့က မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား တာဝန်ရှိသူများက သင်္ကန်းခြင်းနှင့် နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်းပြီးနောက် ဆရာတော်များနှင့် ပရိသတ်အပေါင်းတို့က ဣတိပိသောအစချီသော ရတနာမြတ်သုံးပါးဂုဏ်တော်တို့ကို ရွတ်ဖတ်ပူဇော်၍ အလှည့်ကျ ဘာဏကသံဃာတော်တို့က ဥပ္ပါတသန္တိသုတ်တော်ကို ဆက်လက်ရွတ်ဖတ်ပူဇော်သည်။

အဆိုပါ ဥပ္ပါတသန္တိသုတ် ရွတ်ဖတ်ပူဇော်ပွဲကို မတ် ၁ ရက်မှ ၃ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)ရှိ ကျောင်းသား ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုများအား ကြည့်ရှုစစ်ဆေး

မုံရွာ မတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)ရှိ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအနေဖြင့် အားကစားနှင့် ပညာရေးသာမက ဗလငါးတန်ဘက်စုံထောင့်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာပေများ ဖတ်ရှုလေ့လာသွားကြရန် လိုအပ်ကြောင်း၊ နောင်အနာဂတ်တွင် ထူးချွန်ထက်မြက်ပြီး အရည်အချင်းပြည့်ဝသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားသင်ယူသွားကြရန် လိုအပ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ကျောင်း၏လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းအုပ်ကြီးထံ ငွေကျပ် ၁၀ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ရှိကျောင်းသား ကျောင်းသူများ၏ ဘောလုံး၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း အားကစားနည်းများ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး ကျောင်း၏ လေ့ကျင့်သင်ကြားရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဇဟန်းမြို့နယ်လူထုအခြေပြုဇဟိုဌာနၵ္ခအပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်စကားဝိုင်းကျင်းပ

ရန်ကုန် မတ် ၁

**ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၅၁၀၉၆၄၇၊ ၀၉ - ၇၇၃၉၅၃၁၆၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၇)၊ လူနေရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်(၁၂၁၇/က)၊ ဗိုလ်မိုးကြိုးလမ်း၊ မြေဧရိယာပေ(၂၀x၆၀)ရှိ ဦးငြိမ်း ပါမစ်အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းရီ [၁၄/ဟသတ(နိုင်)၀၃၂၉၁၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်း[၁၁/မပန(နိုင်)၀၇၉၀၈၇]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား (ပါမစ်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ**
**ShopHouse၊ (၆)ရပ်ကွက်၊ လှိုင်သာယာ။**
**ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၀၄၃၁၀၉**

## စီးပွားရေးလုပ်ရန် လမ်းမတန်းရှာနေသူများအတွက် အချက်အချာကျ နေရာကောင်း ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

၁။ ငွေမကိုင်ဘဲ ပစ္စည်းကိုင်ပြီး တန်ဖိုးတက်လိုသူများအတွက် သုဝဏ္ဏလမ်းမတန်း၊ မျက်နှာစာ(၇၀')၊ ရှေ့နောက်(၉၀')၊ (၄၅' x ၅၀') 2RC တိုက်(၁)လုံး၊ (၁၂' x ၂၅') ဝန်ထမ်းအိမ်(၁)လုံး၊ Master bedroom(၃)ခန်း၊ Single bedroom(၅)ခန်း၊ Aircon(၁၄)လုံး၊ ကား(၆)စီးဆန့် ကားပါကင်ကျယ်၊ မိသားစုများများနဲ့ ကျယ်ကျယ်ဝန်းဝန်း နေထိုင်လိုသူများ၊ ရုံးခန်းဖွင့်လိုသူများ၊ Bank ဖွင့်လိုသူများ၊ Showroom ဖွင့်လိုသူများ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း။

**ကျပ်သိန်း (30,000)**

၂။ နေပြည်တော်၊ ထန်းတပင် VIP၊ ဟိုတယ်ဇုန်အရှေ့ရပ်၊ Max ဟိုတယ်ကပ်လျက်၊ နေရာကောင်း၊ ရွှေကြာပင်လမ်း၊ ကွန်ကရစ်လမ်းကျယ်၊ မျက်နှာစာ(၃)ဖက်၊ လမ်း(၂)ဖက်ပေါက်၊ မျက်နှာဝ(၂၅၀')၊ ရှေ့နောက်(၁၇၅')၊ မြေပိုပါ၊ နှစ်(၆၀)ဂရန်၊ ပတ်ဝန်းကျင်ကောင်း၊ ဆိတ်ငြိမ်ရပ်ကွက်။

**ကျပ်သိန်း (12,000)**

၃။ ချောင်းသာကားလမ်းမကြီးပေါ်၊ မျက်နှာစာ(၃)ဖက်၊ ထောင့်ကွက်၊ မြေအကျယ် (၄၀' x ၁၆၀')၊ အခန်း(၁၄)ခန်းပါ အဆင့်မြင့်တည်းခိုခန်း၊ လိုင်စင်ပါ၊ လုပ်ငန်းသုံး မီးစက်၊ Aircon၊ ပန်ကာ၊ Wifi ပါရှိပြီး လက်ရှိလည်ပတ်နေသော အဆင့်မြင့် တည်းခိုရိပ်သာ။

**ကျပ်သိန်း (10,000)**

၄။ ပဲခူးမြို့၊ VIP ရပ်ကွက်၊ မြေအကျယ်(၁၀၀' x ၁၀၀')၊ ဂရန်မြေ၊ တစ်ထပ်တိုက် (၁)လုံးပါ၊ အုတ်တံတိုင်းခတ်ပြီး၊ ရုံးပေါင်းစုံအနီး၊ ဆည်မြောင်းဝင်းဘေး အေးအေး ချမ်းချမ်းနှင့် ပတ်ဝန်းကျင်ကောင်းကောင်း ခြံကျယ်ကျယ်တွင် ကိုယ်ပိုင်ခြံဝန်းနှင့် နေထိုင်လိုသူများအတွက်။

**ကျပ်သိန်း (990)**

**ဖုန်း-09-5178979,09-451146685,09-43022828,09-251790828,09-263699715**


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ရန်ကုန်စက်မှုဇုန်တိုးချဲ့-၁၊ မြေကွက်အမှတ် - ၅၊ ဧရိယာ(၄.၉၁၃) ဧကအနက် တရားဝင်မခွဲစိတ်ရသေးသော မြေ၏ အလယ်ခြမ်း၊ ဧရိယာ(၁.၆)ဧက၊ မြေအမျိုးအစား- နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ မြေနှင့်အဆောက်အဦအကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဇေကမ္ဘာကုမ္ပဏီလီမိတက် [ကုမ္ပဏီမှတ်ပုံတင်အမှတ်-၂၆၈ (၁၉၉၀-၁၉၉၁) (၁၉-၉-၁၉၉၀)] အမည်ပေါက်လျက်ရှိပြီး ၎င်းကုမ္ပဏီထံမှ (၁၆-၁-၂၀၂၄)ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်" နှင့် (၂၀-၂-၂၀၂၄) ရက်စွဲပါ "နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ် (တတိယအရစ်) စရန်ပေးကတိစာချုပ်" တို့အရ ဦးရဲမင်းထွန်း [၁၂/အစန(နိုင်)၁၈၃၁၄၄] က ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်း များနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးနေလင်းထွန်း**
**အထက်တန်းရှေ့နေ (စဉ်-၅၀၉၅၅)**

**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

အဖ-ဦးချစ်ထွန်း၏သမီး ဒေါ်တင်အောင် [၁၂/သဃက(နိုင်)၁၁၉၅၇၅]၊ အမှတ်(၁၀၂/ခ)၊ လေးဒေါင့်ကန်လမ်းမကြီး၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်း မြို့နယ် နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ လောင်လုံလမ်း၊ အမှတ်(၃၇)အကျယ်အဝန်း (၄၀x၆၀)ပေရှိ ခင်ပွန်းဖြစ်သူ ဦးလှမော်၏ နှစ်(၆၀)မြေဂရန်အမည်ပေါက် (မူရင်း)ရှိမြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ လူနေအိမ်အပါအဝင် စာရွက်စာတမ်းမူရင်းအားလုံးတို့သည် ဇနီးဖြစ်သူဒေါ်တင်အောင်မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့်အားလျော်စွာ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ် ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **ဒေါ်တင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကေဇာမိုး ( LL.B , D.B.L, C.B.L)**
**အထက်တန်းရှေ့နေ (စဉ် -၃၄၄၀၂)**
**အမှတ်( ၂၇၀/က-ခ)၊ တပင်ရွှေထီးလမ်း၊ ကြီးပွားရေးရပ်ကွက်မြောက်ပိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၂၀၈၇၂၉၀၊ ၀၉-၆၆၅၂၁၀၂၇၈**

## ပျောက်ဆုံးကြောင်း

ဦးညီညီအောင်[၉/မလန(နိုင်)၁၆၈၇၂၄] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၅၇၈၈၄၆၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးပြည့်ဖြိုးသန့် [၁၂/ဥကမ (နိုင်) ၂၇၆၂၄၁] ကိုင်ဆောင်သော နိုင်ငံကူး လက်မှတ်(M 549615)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၄၄၈၈၂၄၉**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/စက်မှု၊ မြေကွက်အမှတ်-၂၅၈၊ ဧရိယာ(၀.၂၄၅)ဧက၊ မြေကွက်တည် နေရာအမှတ်(၂၅၈)၊ ကနောင်(၄)လမ်း၊ ရွှေပြည်သာစက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်၊ ဦးအောင်ကျော်သန်း[၁၂/လမတ(နိုင်)၀၁၁၁၈၈]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးအောင်ကျော်သန်း[၁၂/လမတ(နိုင်)၀၁၁၁၈၈] မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ် တို့တင်ပြ၍ အရောင်းမြေပုံလျှောက်ထားလာပါသည်။ လျှောက်ထားသူမှ (၁၉၉၉) ခုနှစ်တွင် ဘဏ်ချေးမြေပုံမြေရာဇဝင် ထုတ်ယူခဲ့သော်လည်း ဘဏ်မှငွေမချေးယူဖြစ်ခဲ့ပါ။ အဆိုပါဘဏ်ချေးမြေပုံမူရင်းသည် ၎င်း၏နေအိမ်၌ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့ပါသည်။ အဆိုပါဘဏ်ချေးမြေပုံပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ တာဝန်ယူကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၇၂၇/၂၀၂၄(၁၃-၂-၂၀၂၄)ဖြင့် ဝန်ခံကတိ ပြုတင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၅)ရပ်ကွက်၊ ခေတ္တာလမ်း၊မြေကွက်အမှတ်(၅၄)၊ပေ(၄၀x၆၀) ဦးမြင့်ကျော်[၉/မနမ(နိုင်) ၀၈၈၄၉၀]တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားသောဂရန်မြေကွက်အနက်မှ (တရားဝင်မခွဲစိတ်ရသေးသောမြေကွက်အမှတ်(၅၅)နှင့်ကပ်လျက်ခြေရင်းဘက်အခြမ်း ပေ (၂၀x၆၀)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်ပျဉ်ထောင် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးရဲမင်းနိုင်[၁၂/ရကန(နိုင်)၀၀၀၄၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ် ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လို ပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ် ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကုမုဒြာ LL.B, D.B.L, D.I.L, IDCS**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၉၉)**
**ဖုန်း - ၀၉-၄၂၀၀၉၉၆၅၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ တိုးချဲ့(၃) ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၃/၄၈၈)၊ (အလျား၅၀xအနံ ၂၅)ပေရှိ မြေကွက်နှင့်အိမ်အား အပြီးအပိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်ခင်တင့်[၁၂/အစန(နိုင်) ၀၆၀၉၅၉]နှင့် မောင်နှမ(၄)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ဤအရောင်းအဝယ် အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အင်ကြင်းခိုင်(LL.B, D.I.L) အထက်တန်းရှေ့နေ(စဉ်-၅၂၂၈၃)**
**အမှတ်(၈၅၃)၊ ဘုရင့်နောင်လမ်း၊ (၃၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၃၅၇၅၈၈၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့် လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေ(၁)လမ်း၊ အမှတ်(၁၁၉)နေ ဦးမျိုးချစ်[၁၄/ပသန(နိုင်)၀၁၃၈၀၀၇]၊ ဒေါ်ခင်ခင်အေး[၁၄/ပသန(နိုင်)၀၁၃၈၀၀၈]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးမျိုးချစ်နှင့် ဒေါ်ခင်ခင်အေး တို့၏သမီးဖြစ်သူ မဝင့်ရည်အောင်[၁၄/ပသန(နိုင်)၂၀၀၇၅၈]သည် မိဘများ ၏ ဆိုဆုံးမများကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း၊ မိသားစုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်း နှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြမြူးမဥ္ဇူ (LL.B.,D.B.L.,D.I.P.L.)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၇၇၃)**
**အမှတ်(၆၀)၊ (၆)လမ်း၊ (၂) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-420705475, 09-420030686**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း (က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် (၃၉၅) နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးသီတာ [၁၂/သဃက (နိုင်) ၁၅၂၇၄၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ထ/၁၆)ရပ်ကွက်၊ သီတာ (၂)လမ်း၊ အိမ်အမှတ် (ထ/၄၃/၈၈၂-က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့်နေအိမ်ကို ပါမစ်အမည်ပေါက်ထံမှ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးဒါဂျူး [၁၂/ဒဂရ(နိုင်)၀၀၀၅၁၇]မှ ၎င်း၏တစ်ဦးတည်းဆန္ဒ ဖြင့် ရောင်းချခွင့်ရှိသည်ဟု အဆိုပြု၍ ရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးသီတာ [၁၂/သဃက(နိုင်)၁၅၂၇၄၉]က (၁၈-၂-၂၀၂၄)နေ့ကတည်းက အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေမှသာ ပိုင်ဆိုင်စီမံခန့်ခွဲအကျိုးခံစားခွင့်ရှိသူ ဖြစ်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိပါကြောင်းနှင့် အခြားသူတစ်ဦးဦးက မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ စီမံခန့်ခွဲဆောင်ရွက် ခဲ့သည်ကို တွေ့မြင်သိရှိရပါက တရားဥပဒေများနှင့်အညီ စီမံဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသိန်းဌေး(ခ)ဦးအောင်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၈၃/၈-၂-၂၀၂၂)**
**အမှတ်(၉/၁၁)-မြေညီ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၆၄၂၃၉၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ပြည်တော်သာ(၉)လမ်း၊ မြေကွက်အမှတ်(၇၆၇)၊ အလျား(၂၃)ပေxအနံ(၆၀)ပေရှိ မြေကွက်စလစ်အမည်ပေါက် ဦးကြိုင်ဖြစ်ပြီး ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးသိန်း[၁၂/လကန(နိုင်) ၀၉၉၉၀၀]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာနွယ်ဝင်း [၈/ပမန(နိုင်)၁၀၅၁၂၄]က ၎င်းခြံမြေအား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်မင်းထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၀၁)**
**အမှတ်(၂၂)၊ ဘောဂလမ်း၊ ဘောဂရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၄၅၁၁၂၈၇၇၆၊ ၀၉-၉၅၂၈၅၁၂၈၅**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ် ၅၈၀

| | | |
|---|---|---|
| ဦးသိန်းစိုး | နှင့် | Newcom Innovation Co.,Ltd (၎င်း၏ကိုယ်စားမန်နေဂျင်းဒါရိုက်တာ ဦးသီဟအောင်) |
| **(လျှောက်ထားသူ)** | | **(လျှောက်ထားခံရသူ)** |

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၊ ၁၈ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ် ၆၂၄/၂၀၁၉ အမှုတွင်ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၇)လမ်း၊ အမှတ် ၉၄၉/ဘီ နေ လျှောက်ထားခံရသူ Newcom Innovation Co.,Ltd (၎င်း၏ကိုယ်စားမန်နေဂျင်းဒါရိုက်တာ ဦးသီဟအောင်) (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၄ ခုနှစ်၊ မတ်လ ( ၂၀ ) ရက်(၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင် မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ် ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက် သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅) ကျောက်တံတားခရိုင်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂

| | | |
|---|---|---|
| ၁။ ဦးသန်းထိုက်အောင်<br>၂။ ဒေါ်ညိုဝေလွင်<br>(၎င်းတို့၏အထွေထွေ ကိုယ်စားလှယ်စာရသူ- ဒေါ်ခိုင်ခိုင်ဝင်း) | နှင့် | ၁။ဒေါ်သဥ္ဇာနွယ်(ခ)ဒေါ်သဥ္ဇာလင်း<br>၂။ ဒေါ်မြင့်မြင့်ခိုင် |
| **တရားလိုများ** | | **တရားပြိုင်များ** |

**အမှတ်(၆၃/ဘီ)၊ ပထမထပ်(၃နှင့်၄)လွှာ၊ ဘုန်းကြီးလမ်း၊ (၅) ရပ်ကွက်၊ လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေ (၁)တရားပြိုင်- ဒေါ်သဥ္ဇာနွယ်(ခ)ဒေါ်သဥ္ဇာလင်း၊ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌ တရားလိုများက အဆိုလွှာပါအတိုင်း ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်နေ့) မွန်းမတည့်မီ (၁၁:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူတရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာ ရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် (၁) လိုအပ်သောစာရွက် စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်း လိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥက္ကာမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျောက်တံတားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ မြေကွက်အမှတ်- ၁၂၈၇/ခ၊ ဧရိယာ(၂၀ပေx၆၀ပေ)၊ မြေကွက်တည်နေရာအမှတ်(၁၂၈၇/ခ)၊ ခိုင်ရွှေဝါလမ်း၊ (၁၀) တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကျော်အောင်[၁၂/သကတ(နိုင်)၀၅၃၄၄၆]၊ ဒေါ်တင်ဌေး[၁၂/သကတ (နိုင်)၀၅၃၄၄၇] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးကျော်အောင်[၁၂/သကတ(နိုင်)၀၅၃၄၄၆](ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ကျန်အမည်ပေါက် တစ်ဦးလည်းဖြစ်သူ ဒေါ်တင်ဌေး [၁၂/သကတ(နိုင်)၀၅၃၄၄၇]မှ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် ခင်ပွန်းအမည်နှင့် မိမိအမည်ဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ အား တစ်ဦးတည်းသောဇနီးဖြစ်သူ မိမိက မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့် အညီ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြား အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမကျန်ရှိပါကြောင်းနှင့် ကွယ်လွန်သူတွင် မိမိမှလွဲ၍ အခြား ဇနီးမယားလည်း လုံးဝမရှိသည်မှာ မှန်ကန်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ ကမ္ဘောဇဘဏ်လီမိတက်၊ မြောက်ဥက္ကလာပဘဏ်ခွဲ(၁)၏ ရန်ကုန်မြို့ (၁၃-၆-၂၀၂၃)ရက်စွဲပါစာဖြင့် ဖော်ပြပါ မြေကွက်အား အာမခံအဖြစ် ပေးအပ်၍ ချေးငွေရယူခဲ့ပါကြောင်း၊ စာရင်းပိုင်ရှင် ဦးကျော်အောင် ကွယ်လွန်သဖြင့် ဂရန်အား တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်ဌေး အမည်ပေါက်ဖြင့် ပြောင်းလဲလျှောက် ထားရန်အတွက် ပိုင်ဆိုင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးယူခြင်းအား ဘဏ်ခွဲမှ ကန့်ကွက်ရန် မရှိကြောင်း အကြောင်းကြားစာ၊ ဂရန်၊ နိုင်ငံသားစိစစ်ဆေးရေးကတ်ပြား၊ ဦးကျော်အောင် (ခင်ပွန်း)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင် ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးဝင်းထွဋ်(ကိုတိုး)
## အသက်(၅၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၇)ရပ်ကွက်၊ အမှတ်(၆၇)၊ နှင်းဆီမြိုင်လမ်းသွယ်၊ ရွှေပင်လုံအိမ်ရာအပိုင်း(၁)နေ (ဦးဝင်းထိန်-ဒေါ်ခင်ခင်လှ)တို့၏သား၊ (ဦးဝင်းဇော်)-ဒေါက်တာမြမို့မို့အောင်တို့၏ညီ၊ ဒေါ်ဖြူဖြူဝင်း၏အစ်ကို၊ မောင်ဉာဏ်လင်းဇော်၏ဦးလေး ဦးဝင်းထွဋ်(ကိုတိုး) အသက်(၅၈)နှစ်သည် ၂၉-၂-၂၀၂၄(ကြာသပတေးနေ့) နံနက် ၄:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၄ (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသီဟဇော်(ခ)ဖိုးဇော်
## အသက်(၄၄)နှစ်

ရန်ကုန်မြို့ အမှတ်(၄၀)၊ မြေညီထပ်၊ အိမ်ကြီးလမ်း၊ ရေကျော်၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ (ဦးကြည်စိန် -ဒေါ်အေးအေးသန်း)တို့၏ သားကြီး၊ ဦးကျော်သီဟ-ဒေါ်အိဖြူမင်းတို့၏ အစ်ကို (ဒေါ်သဲသဲအေး)၏ခင်ပွန်း မောင်ဘုန်းပြည့်ဝင်း၏ ဖခင်ဖြစ်သူ ဦးသီဟဇော်(ခ)ဖိုးဇော် အသက်(၄၄)နှစ်သည် ၂၉-၂-၂၀၂၄ (ကြာသပတေးနေ့)နံနက် ၉:၂၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းစွာအသိပေးအပ်ပါသည်။ ကျန်ရစ်သောရုပ်ကလာပ်အား ၂-၃-၂၀၂၄ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပြီး (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၃-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားနာသို့ ကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်လတ်
## အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ အမှတ်(၁၈၉)၊ အညာစုလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဒုတိယဗိုလ်မှူးကြီး ခင်မောင်လတ်-ငြိမ်း)၏ ဇနီး၊ ဦးခင်ကျော်လတ် (COO Native Power Technology Co.,Ltd.)-ဒေါ်ပွင့်ဝါတို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်လတ် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

**BOD အဖွဲ့ နှင့်ဝန်ထမ်းများ**
**Native Power Technology Co.,Ltd.**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၆၅၂)ဟုခေါ်တွင်သော မြေကွက်ပေါ်၌ ဆောက်လုပ်ဆဲ (၂)ခန်းတွဲ(၈)ထပ်တိုက်၏ ၇-လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၇x၅၄)ပေရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမင်းဦး [၉/ပမန(နိုင်)၀၁၉၄၈၇]က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းစိန်ညွန့်က တိုက်ခန်းအရောင်းအဝယ်(ကြိုပွဲဝင့်) စနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက်လှိုင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၆)**
**အမှတ်(၂၈၂)၊ မင်းခေါင်(၁)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၃၃၁၉၀၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်) ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၂) (၅လွှာ-B)(အလျား၁၂ပေခွဲx အနံ ၅၀ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်နန်းလှထွေး [၁၃/တကန(နိုင်)၁၂၅၁၉၆]ကိုင်ဆောင်သူမှ ၂၀၀၀ ခုနှစ်မှစ၍ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိခဲ့ပြီး စာရွက်စာတမ်းမူရင်းများမှာ ပျောက်ဆုံးလျက်ရှိ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းမရှိဘဲ ပိုင်ဆိုင်လက်ဝယ်ထားရှိသည်မှာ ယနေ့ထိတိုင်ဖြစ်ကြောင်းနှင့် ပိုင်ရှင်မှာလည်း ဒေါ်နန်းလှထွေး တစ်ဦးတည်းသာဖြစ်ပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းစံဖောင်း[၁၃/တကန(နိုင်)၀၂၄၈၅၇]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူသဖြင့် အရောင်းအဝယ်ပြုသည့်ငွေများအနက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးကြူ(LLB,D.B.L,D.M.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၅၅)**
**အမှတ်(၂၃၁)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်(အနောက်)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။ ဖုန်း-09-255782846၊ 09-782211451**

## ဦးခင်မောင်ဘို
## အသက်(၇၀)နှစ်

**ဒု-ဥက္ကဋ္ဌ(၁) မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပိတောက်ပင်လမ်း၊ အမှတ်(၆၂)၊ (၄)လွှာနေ ဒေါ်ဆွေဝင်းနော်၏ ခင်ပွန်းသည် ၂၂-၂-၂၀၂၄ ရက် နံနက် ၉:၃၅နာရီတွင် ကွယ်လွန်၍ ၂၄-၂-၂၀၂၄ မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မြို့မမိသားစုများသိစေအပ်ပါသည်။

**မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း**
**အမှုဆောင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်လတ်
## အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ အမှတ်(၁၈၉)၊ အညာစုလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဒုတိယဗိုလ်မှူးကြီး ခင်မောင်လတ်-ငြိမ်း)၏ ဇနီး၊ ဦးခင်ကျော်လတ် (COO Native Power Technology Co.,Ltd.)-ဒေါ်ပွင့်ဝါတို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်လတ် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

**ဦးမောင်မောင်မြတ် (CEO)Native Power Technology Co.,Ltd.-ဒေါ်နန္ဒာဝင်း**

### ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားစံပြကျေးရွာ၊ ငွေနှံသာရပ်ကွက်၊ ကွင်းအမှတ်-၄၉၅/အေ ရှိ မြေကွက်များနှင့်ပတ်သက်၍အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားစံပြကျေးရွာ၊ ငွေနှံသာရပ်ကွက်၊ ကွင်းအမှတ်(၄၉၅/အေ)၊ မြေကွက်အမှတ်(၇၅၄)ဟု ခေါ်တွင်သော အကျယ်(အလျား၁၀၀ပေ ×အနံ၁၂၀ပေ)ရှိ ဦးမောင်မောင် (၁၂/လကန(နိုင်)၀၅၁၉၂၄)အမည်ဖြင့် ချထားပေးခြင်းခံရသော မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချောက်ယု (၁၃/မဆတ(နိုင်)၀၂၀၂၂၉)မှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားရှိပါသည်။ အထက်ဖော်ပြပါ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချောက်ယု သိရှိခွင့်ပြုခြင်းမရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခြင်းများ ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်ကေသီဖြိုးကျော် (LL.B, D.B.L, D.M.L)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၁ရ၈)
အမှတ်(၅၄)၊ မဂ်လာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၄၂၄၁၆၈၉၈၉၊ ၀၉ ရ၈၀၄၆၈၆၃၆

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၅)၊ လူနေရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာ၊ ငွေနှင်းဆီလမ်းနှင့် နီလာနှင်းဆီလမ်းထောင့်၊ မြေကွက်အမှတ်(၆၉)ဟုခေါ်တွင်သော အကျယ်အဝန်း(၉၄'/၁၃၃' x ၇၃'-၄၁'/၁၀၅')၊ (၀.၂၅၈)ဧက၊ (၁၁၂၅၀)စတုရန်းပေရှိ ဒေါ်စန်းသော်တာ အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးထွန်းမြတ်အောင် [၁၂/မရက(နိုင်)၁၄၂၀၂၁] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ်(၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းသွယ်(၃)၊ တိုက်အမှတ်(၂၉၀)၊ အခန်း(၃)၊ မြေညီထပ်၊ အကျယ်အဝန်း(၇၀၀)စတုရန်းပေရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးနေထွန်းအောင်[၁၂/ရကန(နိုင်)၀၁၄၈၉၄]၊ ဦးနေစိုးမောင် [၁၂/မရက(နိုင်) ၁၁၆၈၁၃]၊ ဒေါ်ချိုချိုစိန်[၁၂/ရကန(နိုင်)၀၁၄၆၈၉]၊ ဒေါ်ဖြူဖြူစိန်[၁၂/ရကန(နိုင်)၀၂၁၄၅၃)၊ ဒေါ်သီတာစိန်[၁၂/ဗဟန(နိုင်)၀၅၆၁၄၁]၊ ဦးနေမျိုးအောင်[၁၂/ဗဟန(နိုင်)၀၅၆၁၁၆]၊ ဒေါ်ဝင်းဝါတင်စိန်[၁၂/ဗဟန(နိုင်) ၀၅၅၄၈၇]၊ ဒေါ်အေးမြမြတင်စိန်[၁၂/ရကန(နိုင်)၀၀၁၂၂၁]နှင့် ဦးနေလင်းအောင်[၁၂/ရကန(နိုင်)၀၀၁၂၂၂]တို့မှ အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲဆုမြတ်[၁၂/ရကန(နိုင်)၀၆၉၆၉၀]နှင့် ဒေါ်တင်ထက်ထက်လင်း[၁၂/တမန(နိုင်)၁၁၅၁၃၈]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှ ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲဆုမြတ်နှင့် ဒေါ်တင်ထက်ထက်လင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာအောင် ( LL.B, D.I.L,D.B.L, Dip in HR )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၅၀)**
**အမှတ်-၆၂၊ အခန်းအမှတ်(၉)၊ ပထမထပ်၊ ပန်းဆိုးတန်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၆၉၂၂၂၀၁၀၀၊ ၀၉-၉၄၆၉၄၆၃၂၆**

**ဘုရား၊ သိမ်၊ ကျောင်း၊ မြေ၊ လမ်း အလှူဒါယိကာမကြီး**
**ပဲခူးမြို့အောင်သုခမွေ့ရိပ်သာယောဂီဟောင်း**

## ဒေါ်သန်းသန်းကြည်
## အသက်(၉၁)နှစ်

အမှတ်(၁၈)၊ (၁၂)လမ်း၊ လမ်းမတော်မြို့နယ်နေ(ဦးဘငြိမ်း-ဒေါ်ကြိုင်တီ)တို့၏သမီးကြီး၊ (ဦးဖိုးခို-ဒေါ်သီ)တို့၏သမီးချွေးမ၊ (ဦးကြည်)၏ချစ်ဇနီး၊ (ဦးမျိုးမြင့်-ဒေါ်ဝင်းဝင်းရီ)၊ ဦးစိန်မြင့်၊ ဒေါ်မြင့်မြင့်ညွန့်၊ ဒေါ်စိုးစိုးညွန့်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်အေးအေးညွန့်၊ ဦးသန်းမြင့်-ဒေါ်ရီရီမင်း၊ ဦးစန်းမြင့်-ဒေါ်အေးအေးနိုင်၊ ဦးမောင်မောင်မြင့်-ဒေါ်ချောစုလှိုင်၊ ဒေါ်အိအိထွေးတို့၏ မွေးသမိခင်၊ မဟန်စုရည်ထွန်း၊ မဆုဟေဇင်၊ မောင်ဘုန်းမြတ်ထက်၊ မထက်ဝန်းရံ၊ မထက်ဝဿန်ဦး၊ မထက်မြတ်နိုးတို့၏အဘွား ဒေါ်သန်းသန်းကြည်သည် Grand Hantha ဆေးရုံ၌ ၂၉-၂-၂၀၂၄ရက် နံနက် ၅:၅၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ပြီး ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားနာအား အမှတ် ၈(D)၊ ယုဇနလမ်းနှင့် အေးရိပ်မွန်လမ်းထောင့်၊ လှိုင်မြို့နယ် နေအိမ်တွင် ၆-၃-၂၀၂၄ရက် နံနက်၇နာရီမှ ၁၀ နာရီတွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်လတ်
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ အမှတ်(၁၈၉)၊ အညာစုလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ(ဦးသန်းမောင်-ဒေါ်မြင့်မြင့်)တို့၏ သမီး၊ (ဒုတိယဗိုလ်မှူးကြီးခင်မောင်လတ်-ငြိမ်း)၏ဇနီး (ဒေါ်ခင်ချိုလတ်)၊ (ဦးခင်ကိုလတ်)-ဒေါ်ရီရီဝင်း၊ ဦးခင်မောင်စိန်-ဒေါ်တင်ချိုလတ်၊ (ဦးထွန်းထွန်းလတ်)၊ (ဦးသိမ်းထူးလတ်)-ဒေါ်ခင်သီတာဦး၊ ဦးခင်ကျော်လတ်-ဒေါ်ပွင့်ဝါတို့၏ မိခင်၊ မြေး ငါးယောက်၊ မြစ် တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၂-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ဒဂုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၉-၂-၂၀၂၄(ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ကိုတင်ထွန်းအောင်(ခ)ကိုတေဇာမျိုးမြင့်(သန်လျင်)
## အသက်(၃၉)နှစ်

သန်လျင်မြို့၊ ထန်းပင်ကုန်းရပ်ကွက်နေ(ဦးကြည်ဟန်-ဒေါ်တင်ရွှေ)၊ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာနေ(ဦးငွေအောင်-ဒေါ်ခင်စု) တို့၏မြေး၊ သာကေတမြို့နယ်၊ (၁၀)တောင်ရပ်ကွက်၊ တိုက်(၂)၊ အခန်း(၂၀၄) ရတနာအိမ်ရာနေ ဦးမျိုးမြင့်-ဒေါ်သီသီဝင်း တို့၏သားကြီး၊ ပုသိမ်မြို့၊ ပပဝတီရပ်ကွက်နေ ဦးစန်းဦး-ဒေါ်ကြူကြူသင်း တို့၏သားသမက်၊ မမေသူစိုး၏ခင်ပွန်း၊ မသဒ္ဒါဆုအိမ်၏ဖခင်၊ မောင်အောင်မျိုးမြင့်(ခေတ္တစင်ကာပူ)၊ မစောယုနွယ်(ခေတ္တဂျပန်)တို့၏ အစ်ကိုဖြစ်သူသည် ၂၈-၂-၂၀၂၄ ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဗညားဒလ)၊ မြေကွက်အမှတ်(၁၃၁၇)၊ ဧရိယာ(၂၄၀၀ စတုရန်းပေ)၊ မြေကွက်တည်နေရာအမှတ်(၁၃၁၇)၊ ဗိုလ်ချုပ်ပန်းခြံလမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊ ဒေါ်ခင်မာချို(AA-101492) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါ်ခင်မာချိုကို(တရားပြိုင်)ထားကာ ဒေါ်ဂျမီလာမှ(တရားလို)ပြုလုပ်၍ "ပဋိညာဉ်စာချုပ်ပါအတိုင်းမြေကွက်အားတရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မှတ်ပုံတင်ပေးစေလိုမှု"စွဲဆိုရရှိသော တွံတေးခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်(၁၇၄/၂၀၂၂)၏ ၂၅-၁၀-၂၀၂၂ ရက် စွဲ ပါစီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၄၄/၂၀၂၂)၏ ၆-၂-၂၀၂၃ နေ့အမိန့်တို့အရ ချုပ်ဆိုသောအရောင်းအဝယ်စာချုပ်အမှတ်-(၁၃၇/၃-၁၀-၂၀၂၃)နှင့် ဝင်ငွေခွန်အထောက်အထား၊ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ကတိသစ္စာပြုလွှာတို့ တင်ပြ၍ ဒေါ်ဂျမီလာ (DLA-008211)မှဂရန်မိတ္တူမှန် လျှောက်ထားခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးကန့်ကွက်မှုမရှိသဖြင့်ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ အမှုတွဲအမှတ် (ဒလ-၃၄၂၀/၁၇-၁၂-၁၉၉၆)ဖြင့် ထုတ်ပေးထားခဲ့သည့်ဒေါ်ခင်မာချိုအမည်ပေါက် မူလ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မူရင်းအားပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

# သင့်
# သွေးဖြင့်
# အသက်
# ကယ်ပါ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ ဆရာခြံလမ်း၊ မြေကွက်အမှတ်(၅၇၉)၊ မြေအကျယ်အဝန်း(၄၃ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၉)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် **ဦးကံထွန်း(LPN-၀၇၇၀၂၁)** အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးသိန်းစန်း[၁၂/ဗတထ(နိုင်)၀၃၁၆၇၅]သည် နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်များ**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ အမှတ်(၃၈)ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း၊ (၅)ထပ်တိုက်၏ ပထမထပ်၊ (၂-လွှာ)၊ အကျယ်အဝန်း(၂၅x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန်လက်ရှိ တရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်ခိုင်သူဇာ[၁၂/ပဇတ(နိုင်)၀၃၁၁၈၁]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွန့်** |
| **BSc,DA,HGP,R.L,DBL,DML, DIL** | **LL.B,D.B.L(စဉ်-၁၅၉၇၅)** | **BA,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၇၉၈၈၂၇၅၉၀** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** | **ဖုန်း-၀၉-၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **လုပ်ငန်းများအောင်မြင်စေရေး ဆောင်ရွက်ရာတွင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်းလို...**

❖ **လုပ်ငန်းများစဉ်ဆက်မပြတ် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ပညာတတ်လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနေရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ သီလဝါဆိပ်ကမ်းသို့ ပုံမှန်ဝင်ရောက်လျက်ရှိပြီး စက်သုံးဆီများ ပုံမှန်ဖြန့်ဖြူးလျက်ရှိ

ရန်ကုန် မတ် ၁

ပြည်ပမှ မှာယူထားသည့် စက်သုံးဆီတင် သင်္ဘောများ စီစဉ်ထားသည့်အတိုင်း ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းဒေသသို့ ပုံမှန်အဆက်မပြတ်ဝင်ရောက်လျက် သိုလှောင်ကန်များအတွင်းသို့ စက်သုံးဆီများချယူဖြည့်တင်းလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စက်သုံးဆီ အရောင်းဆိုင်များသို့ စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၉ ရက်တွင် ဆီတင်ယာဉ် ၁၁၇၅ စီးဖြင့် 92 Ron ဂါလန် ၁၂ သိန်းကျော်၊ 95 Ron ဂါလန် လေးသိန်းကျော်၊ ဒီဇယ်ဆီဂါလန် ကိုးသိန်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီဂါလန် ၁၂ သိန်းကျော် ဖြည့်တင်းပေးနိုင်ခဲ့ကြောင်းနှင့် သီလဝါဆိပ်ကမ်းဒေသ သိုလှောင်ကန်စခန်းများတွင်လည်း စက်သုံးဆီ အလုံအလောက်ရှိပြီး နေ့စဉ်ပုံမှန်ဖြန့်ဖြူးနေမှု အခြေအနေအတိုင်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

အများပြည်သူတို့အနေဖြင့် ကောလာဟလသတင်းများကြောင့် မကြာမီစက်သုံးဆီပြတ်လပ်မည်ကို စိုးရိမ်ပူပန်ပြီး လိုအပ်သည်ထက် ပိုမိုဝယ်ယူရန် မလိုအပ်ဘဲ ပုံမှန်သုံးစွဲမှုအတိုင်း စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

---

## အက်သလက်တီကိုမက်ဒရစ်အသင်းကို အနိုင်ရပြီး ဘီဘာအိုအသင်း စပိန်ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲတက်လှမ်း



ဘီဘာအိုအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဘီဘာအို အသင်းနဲ့ အက်သလက်တီကို မက်ဒရစ်အသင်းတို့ ဖေဖော်ဝါရီ ၂၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ဘီဘာအိုအသင်းက အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

**ဗိုလ်လုပွဲတက်လှမ်း**

ဘီဘာအို အသင်းနဲ့ အက်သလက်တီကို မက်ဒရစ်အသင်းတို့ပွဲစဉ်မှာ ဘီဘာအိုအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၃ မိနစ်မှာ အီနာကီဝီလီယမ်၊ ၄၂ မိနစ်မှာ နီကိုဝီလီယမ်နဲ့ ၆၁ မိနစ်မှာ ဂူရူဇီတာတို့က

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❍

---

## MNL Cup ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် MNL ကလပ်အသင်းများ ဂိုးပြတ်နိုင်ပွဲရရှိ



ရှမ်းယူနိုက်တက်အသင်းနှင့် Rainbow အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် မတ် ၁

MNL Cup ပြိုင်ပွဲ အုပ်စုပထမနေ့ကို မတ် ၁ ရက်က ကွင်းလေးကွင်း၌ ကျင်းပရာ MNL ကလပ်အသင်းများ ဂိုးပြတ်နိုင်ပွဲ ရရှိခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက MNL-2 ကလပ် Rainbow အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ နည်းပြသစ် ဦးမျိုးလှိုင်ဝင်းလက်ထက် ပထမဆုံးပွဲတွင် ရှမ်းယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲ စတင်ရယူနိုင်ခဲ့သည်။ ယခုရာသီတွင် MNL-2 ၌ ပထမဆုံးဝင်ရောက် ယှဉ်ပြိုင်ခွင့်ရထားသည့် အသင်းသည် မိနစ် ၆၀ ကျော်အထိ ဂိုးမပေးရအောင် ထိန်းထားနိုင်သော်လည်း လက်ကျန်မိနစ်

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❒

---

**ယနေ့ ဖတ်စရာ**

**အနောက်ပစိဖိတ်ဒေသတွင် ဝက်သက်ရောဂါဖြစ်ပွားမှု ယခင်နှစ်များကထက် ပိုမိုမြင့်တက်လျက်ရှိ**

စာမျက်နှာ » ၁၃

**နောင်ချိုမြို့၌ ငွေကျပ်သိန်း ၇၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ဒသမ ၉ သိန်းနှင့် စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄၈ ကီလို သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**ဟိုပုံး-မိုင်းပွန်သွား ပြည်ထောင်စုကားလမ်းမကြီး တစ်လျှောက် PNLA အဖွဲ့နှင့် KNDF၊ KNPP အကြမ်းဖက်သောင်းကျန်းသူများ ပိတ်ဆို့ထားသည့် နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်း၊ လမ်းကြောင်းအား ပြန်လည်ထိန်းချုပ်**

စာမျက်နှာ » ၁၅